ကမ္ဘာ့သာသနာပြု

ဆဋ္ဌသင်္ဂီတိပုဒ္ဓကာဒဂုမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

သက်တော် ၇၅ နှစ်မြောက်

ဓနိုရတနပဇ္ဇလောပုတ္တဇာတ်နှင့် ဝေဿန္တရာဇာတ်ရိပ်သာပွင့်ခဲ့ပုံ

954

ဦးကောလာသ

ပြုစုသည်

ကမ္ဘာ့သာသနာပြု

ဆဋ္ဌသင်္ဂီတိပုစ္ဆက-အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး


သက်တော် ၇၅-နှစ်မြောက်

စိန်ရတုမဂ်လာ ပူဇော်ပွဲ

နှင့်

ဝိပဿနာဂန္ဓာရုံရိပ်သာ ဖွင့်ပွဲ

အထိမ်းအမှတ်တရားတော်



သာသနာ့-၂၅၂၄ ခရစ်နှစ်-၁၉၈၀

တာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၈၁၀)

ပဌမအကြိမ်

—

အုပ်ရေ-၃၀၀၀

—

၁၉၈၀-ခု

—

ဇန္နဝါရီလ

—

ပန်းချီ-စံတိုး

—

ဘလောက်-လွှင်

—

အဖုံး-စကားဝါ

—

စာအုပ်ချုပ်-အေးမိသားစု

—

ဓမ္မဒါန

ဦးကေလာသ (ကင်းလွတ်ခွင့်အမှတ်-၃၁၁) ပ်ပဿနာဂန္ဓာရုံ ရိပ်သာ၊ ရွှေဘိုမြို့က ထုတ်ဝေ၍၊ ဦးတင်မောင် (ဝ၂၅၆-မြို) စာပေပေါင်းကူး ပုံနှိပ်တိုက်၊ အမှတ်-၉၀၊ အော့ဘီ၊ ဝေဇယန္တာလမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်သည်။



ဆဋ္ဌသင်္ဂီတိပုဋ္ဌက၊ အဂ္ဂမဟာပဏ္ဍိတ
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

ဝိပဿနာဂန္ဓာရုံရိပ်သာ
ဖြစ်ပေါ်လာရခြင်း အကြောင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကောဇာသက္ကရာဇ် ၁၃၂၀-ခုနှစ်၊ခရစ်နှစ် ၁၉၅၈-ခုနှစ်၊ ဝါဆိုပြီး တချိန်မှာ စာရေးသူ ဤအရှင်အာဒီ ကျောင်း တိုက်တာ သီးခြား ဖြစ်ရှိစေရန် အခြေအနေ များစွာ ပေးလျက် ရှိနေတော့သည်၊ ဒီလို အခြေအနေက ပေးနေလျှင် ကြံစည်စိတ်ကူး လှုပ်ရှားမှု ပြုရတော့မည်၊ ဒါနဲ့ ကျောင်း ဆောက်လုပ်ရန် မြေနေရာကို လိုက်ရှာရာ အလှယ်တကူနဲ့ပဲ တွေ့ရှိရပါသည်၊ မြေလှူသူများကလဲ ကျောင်းဆောက်ရန် မြေနေရာများအတွက် စိတ်ပူမှု မရှိစေရန် ကတိစာချုပ် ပြုလုပ်ပြီး ဤ အရှင်အာဒီ လှူလိုက်ပါသည်။

ယင်းသို့ မြေနေရာ အလှူခံ ရရှိသော်လဲ လူနေဘို့ ကျောင်းဆောင်အတွက်က အခက်ရှိနေသေးသည်၊ ဒီ အခက် ခဲတွေ့ ကျော်နိုင်ရန်အတွက် ပြုလုပ်ဆောင်ရွက်ရတော့မည်၊ ဒါနဲ့ နိဒါန်းစပ်ရာ ပတ်ဝန်းကျင်ရှိ သူတို့နှင့်တိုင်ပင် ဆွေးနွေး

[ခ] ဝိပဿနာဉာဏ်ကို ရှုမှတ်ပွားများခြင်းအကြောင်း

ကြပြီး စုပေါင်းကျောင်းကလေး ဆောက်လုပ်ရန် ကတိပေး ကြတော့သည်။

မြေနေရာလဲ ရှိနေပြီ၊ ကျောင်းဆောင်မျှားလဲ ရှိနေပြီ၊ ယင်းသို့ ရှိနေသော်လဲ ဤအရှင်မှာ ရုတ်တရက် လုပ်ငန်း မစဝန်ထမ်းပါ။ ဘာကြောင့်လဲဆိုတော့ မြို့ပေါ်၌ သမဂ္ဂ ဖြစ်သော သံဃာတော်နှင့် ဆက်ဆံနေထိုင်ရမည်၊ ထို သံဃာ တော်နဲ့ နေမှု ထိုင်မှု အဆင်ပြေမှုသာလျှင် သာသနာပြု စွမ်းအား ပြည့်စုံနိုင်မည်၊ သို့အတွက်ကြောင့် သံဃာမထေရ် ကြီးများထံ ချဉ်းကပ် အသိပေး ဩဝါဒများ ခံယူ တော့သည်။

သံဃာမထေရ်ကြီးများ ဖြစ်ကြသော ဆရာတော်များ သည် ဤအကြောင်းအရာ ကိစ္စနဲ့ ပတ်သက်ပြီး မသင့်တော် ကြောင်း စသည် မိန့်မြွက်ခြင်း မရှိကြပါ၊ သူတို့ရဲ့ အတွေ့ အကြုံများသာ မိန့်မြွက်တော်မူကြပြီး အားပေးစကား များသာ ပြောကြပါသည်၊ ဒါဘာကြောင့်လဲဆိုတော့ ဤအရှင်၏ စာချုပ်နှင့်အရည်အချင်းစွမ်းရည်များကို သိရှိပြီး ဖြစ်ကြသောကြောင့်ပင် ဖြစ်သည်။

ဒီလို တိုင်ပင် လျှောက်ထား ဩဝါဒ ခံယူရာတွင် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား

ကြီးလဲ တပါးအပါအဝင် ဖြစ်ပါသည်၊ ဆရာတော်ဘုရားကြီး ထိုနှစ်ဝါကျွတ်ချိန် ဆိပ်ခွန် မဟာစည်ကျောင်းသို့ တစုံတခုသော သာသနာရေးကိစ္စနဲ့ ကြွရောက်တော်မူပါသည်၊ ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်၍ ကျောင်းသစ်ဆောက်လုပ်ပြီး တသီးတခြားနေထိုင်ရန် လျှောက်ထားပါသည်။

ဒီလို လျှောက်ထားတော့ ဆရာတော် ဘုရားကြီးက သိက္ခာဝါမျှား ဘယ်လောက်မျှား ရရှိပြီလဲလို့ မေးတော်မူပါသည်၊ သိက္ခာဝါ ဘယ်လောက် ရရှိပါပြီဘုရား စသည်ဖြစ်ကြောင်း ကုန်စင်လျှောက်ထားလိုက်ပါသည်။

"ဒီလိုဆိုယင် ဒီလောက်ဝါတွေ ရနေမှဖြင့် ကိုယ့်ကျောင်းနဲ့ကိုယ် နေနိုင်တဲ့အရွယ်ပဲ" ဟု ဩဝါဒစကားမျှားမြွက်တော်မူပြီး တဆက်ထဲ "ကျောင်းဆောက်ပြီး ဘာတွေမျှား လုပ်မှာလဲ" ဟု မိန့်တော်မူပါသည်။

"တပည့်တော် စာပဲ ဆက်ချမည် စိတ်ကူးပါသည်"

အဲဒီတော့ ဆရာတော်ကြီးက "စာသင်တိုက်ဟာ မြို့ပေါ်ဆိုလျှင် (၅)တိုက် (၆)တိုက် ရှိကြသည်၊ တခု့ို မြို့ဆိုလျှင်မျှားစွာ ရှိနေပေသည်၊ အရှိနဲ့တဲ့ ပဋိပတ္တိကမ္မဋ္ဌာန်း မလုပ်ပဲကို" ဟု မိန့်တော်မူပါသည်။

ထိုစဉ် အခါန်က မဟာစည်ဆရာတော်ကြီး ကိုယ်တိုင် ပြည်တွင်း ပြည်ပ ကြွရောက်တော်မူပြီး ပဋိပတ္တိသာသနာ ပြန့်ပွားရန်အတွက် ဖြန့်ချိနေတော်မူချိန် ဖြစ်ပါသည်။

ယင်းသို့ အမိန့်ရှိရာ ဤအရှင်ကပဲ တဖန် ပြန်ကြား လျှောက်ထားရပါတော့သည်။ "တပည့်တော်ရဲ့ ဥပဇ္ဈာယ် ဆရာကြီးက ရဟန်းငယ် ရှင်ငယ်များ စာချ စာသင်ပေးရန် တာဝန်များ ပေးအပ်ထားပါသဖြင့် ဆောင်ရွက်နေရပါ ကြောင်း၊ နောင်တချိန် ပဋိပတ္တိကမ္မဋ္ဌာန်း ဆက်လက် အားထုတ်ရန် ကြံရွယ်ထားပါကြောင်း" လျှောက်ထားဝန်ခံခဲ့ပါ သည်၊ ယင်းသို့ ဝန်ခံလျှောက်ထားခဲ့သော်လဲ အခြိန်အခါ မရောက်သေးလျှင် ဖြစ်ရိုးထုံးစံ မရှိဘူးဆိုတာ ယုံကြည် လက်ခံထိုက်လှသည်။

ဆရာတော်ဘုရားများထံ သြဝါဒခံယူပြီးနောက် ဆက် လက်ပြီး ကျောင်း တိုက်တာ တည်ဆောက်ပါတော့သည်၊ ကျောင်း တိုက်တာသစ် တည်ဆောက်ပြီး နောက်ပိုင်း ပရိယတ္တိစာပေ ပို့ချမှု နှစ်ပေါင်းနှစ်ဆယ်ကျော် ရှိနေပါပြီ၊ ဒီနှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း စာသင်သံဃာ(၁၅)ပါးမှ အထက်(၅၀)ပါးအထိ လက်ခံပို့ချခဲ့ပါသည်၊ စာသင်သံဃာ

တော် တထောင်ကျော်မျှ ရှိနေပါပြီ၊ နိုင်ငံတော်အစိုးရ ပါဠိပဌမပြန်နှင့် စာချုတန်း သက္ကသီဟ (ပရိယတ္တိသာသနဟိတ)အသင်း စေတီယင်္ကပရိယတ္တိအသင်း စာမေးပွဲ အထိ ဝင်ရောက်ဖြေဆိုအောင်မြင်သော သံဃာတော်များလဲ ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပါသည်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့စသော မြို့ကြီး မြို့ငယ် ရွာအသီးသီးတို့၌ ကျောင်းထိုင် ကျောင်းပိုင်ဘုန်းတော်ကြီးများ (၃၀)ကျော် ဖြစ်ထွန်းခဲ့ပါသည်၊ ထို ပဂ္ဂိုလ်တို့လဲ သူတို့စွမ်းအားရှိသလောက် ဗုဒ္ဓသာသနာတော်ကြီး တဖက်မှနေပြီး ထောက်ပံ့ကူညီ တွန်းအားပေးနေကြပါသည်၊ ဒိုလို့ ဒါနမှု သီလမှုတွေနှင့်လဲ အားရမှု တင်းတိမ်မှု ရောင့်ရဲခြင်းလဲ မရှိကြပါ၊ ဘာဝနာ အားထုတ်မှုတွေလဲ တနေ့ထက်တနေ့ တိုးတက်ပြီး သဒ္ဓါဆန္ဒတွေ ပြည့်စုံလာကြပါတော့သည်။

ယင်းသို့ စာပေပို့ချယင်း တဖက်မှလဲ ကျောင်းတိုက်တာစည်ပင်သာယာမှု တိုးတက်မှု စသည်တို့ကိုလဲ ဆောင်ရွက်ရပါသည်၊ ဒိုလို့ ဆောင်ရွက်ရာ၌ အနိုးကပ်ဆုံး ပစ္စည်းဓလေးပါး ဒကာ ဒကာမများနှင့်လဲ ကင်း မဖြစ်ပါ၊ သူတို့လဲ စွမ်းအားရှိကြသလောက် ကိုယ့်အသိဉာဏ်နဲ့ကိုယ် ဒါနမှု သီလမှုတွေနဲ့ ဗုဒ္ဓသာသနာတော်ကြီး တဖက်မှနေပြီး ထောက်ပံ့ကူညီတွန်းအားပေးနေကြပါသည်၊ ဒိုလို့ ဒါနမှု သီလမှုတွေနှင့်လဲ အားရမှု တင်းတိမ်မှု ရောင့်ရဲခြင်းလဲ မရှိကြပါ၊ ဘာဝနာအားထုတ်မှုတွေလဲ တနေ့ထက်တနေ့ တိုးတက်ပြီး သဒ္ဓါဆန္ဒတွေ ပြည့်စုံလာကြပါတော့သည်။

[၈] ဝိပဿနာဂန္ဓာရုံရိပ်သာ ဖြစ်ပေါ်လာရခြင်းအကြောင်း

သဒ္ဓါဆန္ဒတွေ ပြည့်စုံလာကြသည့်အတိုင်း ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာ မဟာစည်ကျောင်းတော် သာသနာ့ရိပ်သာသို့ ကိုယ်တိုင်ရက်လမျှားစွာ ကမ္မဋ္ဌာန်းတာဝန်အလုပ်တရားများ အားထုတ်ကြသည်၊ ဆိပ်ခွန်ရွာကြီးမှာ ဘုရားရှင်သက်တော် ထင်ရှားရှိစဉ်အခါတုန်းက အိန္ဒိယပြည် ကုရုတိုင်း ကမ္မာသဒမ္မနိဂုမ်းရွာကြီးလို ဖြစ်နေတော့သည်။

ကမ္မာသဒမ္မနိဂုမ်းရွာကြီးနေ ရွာသူ ရွာသားတို့မှာ မဟာသတိပဋ္ဌာန်တရားတော်ကို အလွန်လိုက်စား အားထုတ်နေကြသည်၊ သူတို့သည် တယောက်နဲ့တယောက် တွေ့ကြ ဆုံကြသောအခါ "ညီမတို့ ဘယ်တရားများ အားထုတ်နှလုံးသွင်းပါသလဲ" စသည် နှုတ်ဆက်လေ့ရှိကြသည်၊ တဖက်သူက "ဒီနေ့တော့ အလုပ်မအားလပ်လို့ တရားအားမထုတ်နိုင်ဘူး" ဆိုယင် သူတို့အလေ့ကတော့ ကဲ့ရဲ့ရှုံချကြတော့သည်။

မိရတ္ထု တဝဇီဝိတံ ဇီဝမာနာပိ တံ့ မတာသဒိသာ။

တဝဇီဝိတံ၊ သင်၏ အသက်ရှင်ရခြင်းသည်။ မိရတ္ထု၊ သြော် စက်ဆုတ်ဖွယ်ကောင်းလှ၏။ တံ့၊ သင်သည်။ ဇီဝ-မာနာပိ၊ အသက်ရှင်လျက်နေရငြားသော်လဲ။ မတာသဒိသာ၊ သူသေနှင့် တူလှပါပေ၏။

ဒီလို ကဲ့ရဲ့မှုတွေ ရှုံချမှုတွေ ပြုကြသည်၊ အဲဒီ ကမ္မဿဒမ္မနီဂုမ်း ရွာသူ ရွာသားများ တယောက်နဲ့တယောက် တရားအားထုတ်မှု မပြုကြသေးပါက တွေ့ကြ ဆုံကြတဲ့အခါ ကဲ့ရဲ့ရှုံချကြသလိုပဲ ဆိပ်ခွန်ရွာနီဂုမ်းကြီးမှာလဲ ဒီလိုကဲ့ရဲ့ ရှုံချကြသည်၊ သတိပဋ္ဌာန်တရား အားမထုတ်ရသေးယင် လူရာမဝင် ခေတ်မမှီ ဖြစ်နေသည်၊ ဘယ်လောက်ပင် ခေတ်ပညာဘွဲ့ထူး ဂုဏ်ထူးတွေ ရနေသော်လဲ ဘာသာရေးအနေနဲ့ အထင်မကြီးကြပါ၊ ဘဝရဲ့ အာမခံချက် ဘာသာရေးအနေနဲ့လဲ ပြည့်စုံနေတယ်လို့ မယူဆကြပါ၊ ဒါဘာ့ကြောင့်လဲ ဆိုတော့ တခြားဘာသာဝင် ဖြစ်ကြသော ပုဂ္ဂိုလ်တွေက အပြောကောင်း အဆဲကောင်း အမြူအခွေ့ကောင်းလျှင် ရွှေပြောင်းယူသွားနိုင်သည်၊သို့အတွက်ကြောင့် အထင်ကြီးမှု မရှိကြပါ၊ သတိပဋ္ဌာန်နည်းအရ ဝိပဿနာဉာဏ်တွေ ကိုယ်တွင်း ကိုယ်ပဋ္ဌိ တကယ်တရားစစ် တရားမှန်တွေ တွေ့ရှိခံစားရလျှင် ဗုဒ္ဓဘာသာက လဲယင် မည်သည့်ဘာသာမှ ယုံကြည်မှု မရှိပါ၊ ဒါကြောင့် ဆိပ်ခွန်ရွာနီဂုမ်းကြီးမှာ တရား အားထုတ်မှု မရှိသေးယင် အထင်သေးမှု ခေတ်မမှီ ပြုကြသည်။

ကျောင်းဒကာကြီး ဦးလှိုင် ကျောင်းအမကြီး ဒေါ်ဟန်ဆင်တို့လဲ ဆိပ်ခွန်မဟာစည်သာသနာ့ရိပ်သာမှ တရား အားထုတ်ပြီးအပြန် သဒ္ဓါဆန္ဒတွေ ပိုမိုအားကောင်းလာကြပါ

[၈] ဝိပဿနာဂန္ဓာရုံရိုပ်သာ ဖြစ်ပေါ်လာရခြင်းအကြောင်း

တော့သည်၊ သဒ္ဓါဆန္ဒတွေ ပိုမိုအားကောင်းလာကြသည့် အတိုင်း မူလတည်ဆောက်ထားပြီးသော အုဋ္ဌင်ကျောင်းတော် ကြီး တောင်ဘက်မြောက်လပ်တွင် ကမ္မဋ္ဌာန်းတရား အား ထုတ်ရန် ကမ္မဋ္ဌာန်းကျောင်းများ ဆောက်လုပ်ကြသည်၊ ဒီလို ကျောင်းဒကာကြီး ဦးလှိုင်တို့ ကမ္မဋ္ဌာန်းကျောင်းများ ဆောက်လုပ်သော သတင်းမှာ တစတစနဲ့ ပြန့်နှံ့သွားတော့ သည်၊ ဒီလို ပြန့်နှံ့ပြီး မကြာခင်ပဲ နောက်ထပ် ကမ္မဋ္ဌာန်း ကျောင်းဒကာများ အသီးသီး ပေါ်လာပါတော့သည်၊ နာယကဆရာတော်နှင့် ကျောင်းဒကာကြီး ဦးလှိုင် ဂုဏ် သတင်းကို သိရှိပြီး ယုံကြည်ပြီးဖြစ်ကြသော ပုဂ္ဂိုလ်တို့ သန္တာန်မှာ စေတနာသဒ္ဓါဆန္ဒတွေ အားကောင်းပြည့်စုံလာ ကြပြီး လှူကြတော့သည်။

ဒီလို ကမ္မဋ္ဌာန်းအားထုတ်ရန် ကျောင်းတွေရှိယင် တရား အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ရှိလာတော့မည်၊ အဲဒီ နေထိုင်တဲ့ ပုဂ္ဂိုလ်များ ကျန်းမာရေးအတွက် အဆင်ပြေလွယ်ကူစေရန် ရိပ်သာဟူသော အမည်ထူးကို သတ်မှတ်ခြင်း ပြုလိုက်ရ ပါသည်။

ဒီလို ရိပ်သာဟူသော အမည်နဲ့ တည်ရှိနေပြန်သော် ဥပနိဿယည်းခံ ဆရာက လိုနေပါသေးသည်၊ သို့အတွက်

ဆရာတူဖြစ်သော ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးထံ ရိပ်သာသစ် ဖွင့်ပေးတော်မူရန် လျှောက်ထားတောင်းပန်ရပါသည်။

ပထမအကြိမ် ၁၃၄၀-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃)ရက်နေ့ လာရောက်ဖွင့်ပေးရန် အမိန့်ရှိလိုက်ပါသည်၊ သို့သော်လဲ နိုင်ငံခြားသာသနာပြု ကြွရောက်ရန် ရက်လတို့ကလဲ နီးနေသည့်အတွက် ဘာသာရပ်ခြား ဟောပြောစရာ စကားများ လေ့လာစီစဉ်နေရပါသဖြင့် ရိပ်သာသစ်ဖွင့်ရန် အဆင်မပြေ ဖြစ်ရပါသည်၊ ဒုတိယအကြိမ် အမေရိကန်နှင့် အင်္ဂလန် ပြင်သစ် အီတလီ အနောက်ဂျာမဏီ စသော ဥရောပတိုက် နိုင်ငံများစွာတို့၌ ဗုဒ္ဓသာသနာ သုံးလကျော် လေးလခန့်မျှ ပြုတော်မူပြီးအပြန် ၁၃၄၁-ခုနှစ်၊ ဝါခေါင်လဆန်း(၉)ရက် (၁-၈-၇၉) ဗုဒ္ဓဟူးနေ့တွင် ဝိပဿနာဂန္ဓာရုံရိပ်သာသစ် ဖွင့်ရပါသည်၊ နိုင်ငံခြားမှအပြန် ဖွင့်ရတာအင်မတန် အဆင်ပြေပါသည်၊ လူတွေကပိုပြီး စိတ်ဝင်စားမှုတွေလဲ ရှိနေကြသည်၊ ပိုပြီးတော့လဲ ကျယ်ပြန့် ခမ်းနားပါတော့သည်၊ သို့အတွက် ရိပ်သာသစ်ဖွင့်ရန် အချိန်အခါကို စောင့်မျှော်နေကြရသော ကုသိုလ်ရှင်အပေါင်းတို့မှာ ဤလဤရက် ဤအချိန်အခါကျမှ အဆင်ပြေ ဖွင့်ရကြောင်းကို အတိုချုပ်အားဖြင့် ဖော်ပြလိုက်ရပါသည်။

ဤစာအုပ် ဖြစ်ပေါ်လာရခြင်းအကြောင်း

ဘုဒ္ဓ-ခုနှစ်၊ ဝါခေါင်လဆန်း(၉)ရက် (၁-၈-၇၉) ဗုဒ္ဓဟူးနေ့တွင် ရွှေဘုံမြို့၊ ဝိပဿနာဂန္ဓာရုံရိပ်သာသစ် ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘာ့သာသနာပြု ဆင်ဌသင်္ကိတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် ကြွရောက်တော်မူပြီး ဂန္ဓာရုံကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံတော်ကြီး၌ မြို့နှင့် တကွ ပတ်ဝန်းကျင်ရှိ အနယ်နယ် အရပ်ရပ်မှ တရားနာ ဖူးမျှော်ကန်တော့ လာရောက်ကြသော ထောင်ပေါင်းများစွာသော ပရိသတ်တို့အား ဟောကြားတော်မူစဉ်အခါက ဟောကြားသမျှသော တရားတော်များကို အမှတ်တရဖြစ်စေရန်အတွက် ကိုမြချိန်၊ ဝန်တော်အိမ်က အသံဖမ်းယူထားပါသည်။

ယင်းသို့ ဖမ်းယူထားသော တိတ်ခွေမှတဖန် လက်ရေးမူဖြင့် မောင်သန်းမြ၊ မောင်မင်းမောင် (ဒေသကောလိပ် ဒုတိယနှစ်) ရွှေဘုံတို့က စာမျက်နှာပေါင်းများစွာ ကူညီလုပ်အားပေး ကူးယူကြပါသည်။

ထိုကူးယူပြီးသော စာမူကို စာအုပ်အဖြစ်ရောက်ရှိစေရန် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်


[၄] ဤစာအုပ် ဖြစ်ပေါ်လာရခြင်းအကြောင်း

ဘုရားကြီးထံတော်သို့ တင်ပြပြီး စာအုပ်အဖြစ် ရိုက်ခွင့်
များကို တောင်းပန်လျှောက်ထားရပါသည်။

ဆရာတော်ဘုရားကြီး၏ ခွင့်ပြုချက်များကို ရယူပြီး
ဂန္ဓာရုံဆရာတော် အရှင်ကေလာသ က မေတ္တာ ကရုဏာ
တရားများ ရွှေထားလျက် တရားတော်ကို မနာမကြားရသေး
သူတို့ နာကြားစေခြင်းငှါ၎င်း၊ နာကြားပြီးသော သူတို့
တဖန် ထပ်မံ သဒ္ဓါတရား တိုးပွားစေခြင်းငှါ၎င်း၊ ကျေးဇူး
တော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီး
ကမ္ဘာ့သာသနာပြုခရီးမှ ပြန်ကြွရောက်တော်မူခြင်း အထိမ်း
အမှတ် ဖြစ်စေခြင်းငှါ၎င်း၊ ကျေးဇူးတော်ရှင် အဂ္ဂမဟာ
ပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး သက်တော်(၇၅)နှစ်
ပြည့်မြောက် စိန်ရတုမင်္ဂလာဖြစ်စေခြင်းငှါ၎င်း၊ ဝိပဿနာ
ဂန္ဓာရုံရိပ်သာသစ် ဖွင့်ပွဲ အထိမ်းအမှတ် ဖြစ်စေခြင်းငှါ၎င်း၊
ရည်ရွယ်ချက် များစွာထားလျက် စာအုပ်အဖြစ်သို့ ရောက်ရှိ
အောင် ကြိုးစားဆောင်ရွက်ရပါကြောင်းကို အများသိစေရန်
ဖော်ပြလိုက်ရပါသတည်း။

အရှင်ကေလာသ

သာသနဓဇသိရီပဝရမဟာစရိယ
ဂန္ဓာရုံတိုက်၊ ရွှေဘိုမြို့။



အရှင်ကေလာသ
ဦးစီးမဟာနာယက
ဝိပဿနာဂန္ဓာရုံရိပ်သာ



သုံးဆောင်သေးခဲ့၊ ပို့မွေးကြည်သာ၊
ပန်းနှင့်ကြာလဲ့၊ မကွာအတူ....

တစ်ခုခုမှားယွင်းသွားပါက ဝန်ကြီးဌာနမှ တာဝန်ယူမည်မဟုတ်ကြောင်း သတိပေးအပ်ပါသည်။



ဦးဘသိန်းဖေ ဦးဆောင်ကာ ဗဟိုကော်မတီဝင်များ



ကျောင်းဒကာ ဦးလှိုင် အမှုးပြုသော ဝေယျာဝစ္စ ဝန်ဆောင်အဖွဲ့။



ရေစက်သွန်းချ မြတ်ဒါနကို ဘာဂအဖို့ ပေးဝေစို့ခဲလ....



ရိပ်အမှန်မှ ဆိပ်ခွန်ရွာမ လှမ်းအကြည့်တွင်....

ကျောင်းတိုက်တည် သမိုင်း

နှစ်မှာ တသြ ဘဂဝတော် အရဟတော် သမ္မာသမ္ဗုဒ္ဓဿ။

ပန္နက်ရိုက်ခြင်း

သာသနာတော်နှစ် ၂၅၀၂-ခုနှစ်၊ ကောဇာသက္ကရာဇ်
၁၃၂၀-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄)ရက်၊ ခရစ်နှစ်
၁၉၅၈-ခုနှစ်၊ နိုဝင်ဘာလ(၂၄)ရက်၊ တနင်္းလာနေ့နံနက်တွင်
ရွှေဘိုမြို့အနောက်လက် ရုံးတောရွာဇာတိ ဖြစ်တော်မူသော
နိုင်ငံတော်အဖိုးရ၊ သာသနဓဇ သိရိပဝရမဟာစရိယ ဘွဲ့တံဆိပ်
တော်ရ၊ သက်တော်(၃၇)နှစ်၊ သိက္ခာတော်(၁၈)ဝါရ၊
အရှင်ကေလာသဆရာတော် ဦးစိန်နာယကပြု၍ ပရိယတ္တိနယူ
ပဒေသဂန္ဓာရုံတိုက်သစ် ကျောင်းတိုက်ကြီးကို စတင် တည်
ထောင်ပန္နက်ရိုက်သည်။

ကျောင်းအမည် မှည့်ခြင်း

ပရိယတ္တိစာပေ သင်ကြားမှုတို့၌ နည်းဥပဒေသတို့ကို
ညွှန်ပြပေးခြင်း၊ ပိဋကတ်တော် ကျမ်းစာတို့ကို ပဓာနပြု၍
ချပို့ပေးသော အရာမ်ဖြစ်ခြင်း၊ အသစ်ဖြစ်သော မြေနေရာ၌
ကျောင်းတိုက်သစ် တည်ခြင်းတို့ကို အစဲပြု၍ အနုတ္ထသညာ၏

အစွမ်းဖြင့် ပရိယတ္တိနယူပဒေသဂန္ဓာရုံတိုက်သစ် ဟု မှည့်ထားသည်။

အရာမ်မြေ လှူဒါန်းခြင်း

သာသနာတော်နှစ် ၂၅၀၂-ခုနှစ်၊ ကောဇာသင်္ကရာဇ် ၁၃၂၀-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၀)ရက်၊ ခရစ်နှစ် ၁၉၅၈-ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရွှေဘိုမြို့ ဆင်ရုံရပ်၊ ဦးသစ်-ဒေါ်သိန်းတင် မိသားစုတို့က ကျောင်းဆောက်ရန် မြေနေရာများကို လှူဒါန်းကြသည်။

ပထမကျောင်း

ရွှေဘိုမြို့နယ်၊ အနောက်လက် ရုံးတောရွာ၊ ဤကျောင်းတိုက်တည် ဆရာတော်၏ ဘိုး ဘွား မိဘတို့၏ အမွေအနှစ်ဖြစ်သော လယ်ယာကိုင်းကျန်းတို့မှ ဖြစ်ပေါ် ရရှိလာသော ဝတ္ထုငွေများနှင့် ရုံးတောရွာ ဒါယကာ ဒါယိကာမတို့ စုပေါင်း၍ ကပ်မိုးဝါးကပ်ကာ ကျောင်းနှစ်ဆောင် ဆောက်လုပ် လှူဒါန်းသည်။

ဒုတိယကျောင်း

သာသနာတော်နှစ် ၂၅၀၂-ခုနှစ်၊ ကောဇာသင်္ကရာဇ် ၁၃၂၀-ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက်၊ ခရစ်နှစ် ၁၉၅၉-

ခုနှစ်၊ ဖေဖော်ဝါရီလ(၂၁)ရက်၊ စနေနေ့တွင် ရုံးတောရွာ ဦးကျော်လှ-ဒေါ်ငွေဇင် မိသားစုတို့က ပျဉ်ထောင်ကာ သွတ်မိုးကျောင်း ဆောက်လုပ်လှူဒါန်းသည်။

တတိယ လျှပ်စစ်မီးသွယ်လှူခြင်း

သာသနာတော်နှစ် ၂၅၀၃-ခုနှစ်၊ ကောဇာသင်္ကရာဇ် ၁၃၂၁-ခုနှစ်၊တော်သလင်းလပြည့်ကျော်(၁၁)ရက်၊ခရစ်နှစ် ၁၉၅၉-ခုနှစ်၊ စက်တင်ဘာလ(၂၇)ရက်၊ တနင်္နေနေ့တွင်-

ဒီပဲရင်းမြို့နယ် မူးကမ်းကြီးရွာ မြောက်တောရပ် ဦးဖိုးခေါင် - ဒေါ်စော မိသားစု၊ ဦးဘသွင် - ဒေါ်သြ မိသားစု၊ ဦးအာယု-ဒေါ်အုန်းရင် မိသားစုတို့က လျှပ်စစ်မီး သွယ်ယူလှူဒါန်းကြသည်။

စတုတ္ထ ရေတွင်းတူးဖော်လှူခြင်း

သာသနာတော်နှစ် ၂၅၀၄-ခုနှစ်၊ ကောဇာသင်္ကရာဇ် ၁၃၂၂-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၉)ရက်၊ ခရစ်နှစ် ၁၉၆၁-ခုနှစ်၊ မတ်လ(၉)ရက်၊ ကြာသပတေးနေ့တွင် ရွှေဘို မြို့နယ် ညောင်ကိုင်းရွာ၊ ညောင်ပင်လှရွာ၊တည်သီးတောရွာ၊ မင်းပေးရွာ၊ ဒါယကာ ဒါယိကာမတို့က စုပေါင်း ရေတွင်း တူးဖော် လှူဒါန်းကြသည်။

စိန်ရတုမဂ်လာပူဇော်ပွဲနှင့်

ပဥ္စမ သိမ်သမုတ်လှူဒါန်းခြင်း

သာသနာတော်နှစ် ၂၅၀၅-ခုနှစ်၊ ကောဇာသင်္ကြာန် ၁၃၂၃-ခုနှစ်၊ ပြာသိုလဆန်း(၁၅)ရက်၊ ခရစ်နှစ် ၁၉၆၂-ခုနှစ်၊ ဇန်နဝါရီလ(၂၀)ရက်၊ စနေနေ့တွင် အလျားအနံပေ(၃၀)ပတ်လည်ရှိ သိမ်တော်ကြီးကို သမုတ်ပြီး၊ သဒ္ဓတ္တောရပ် ဦးတင်-ဒေါ်စောလှ၊ ချိပါစုရပ် ဒေါ်စောမြနှင့်မောင်-ဦးသိန်းတို့က လှူဒါန်းကြသည်။

ဆဋ္ဌ အဝီစိရေတွင်း တူးခြင်း

သာသနာတော်နှစ် ၂၅၀၅-ခုနှစ်၊ ကောဇာသင်္ကြာန် ၁၃၂၃-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၃)ရက်၊ ခရစ်နှစ် ၁၉၆၂-ခုနှစ်၊ ဧပြီလ(၂)ရက်၊ တနင်္းလာနေ့တွင် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက တူးဖော်လှူဒါန်းသည်။

သတ္တမ ကျောင်း

သာသနာတော်နှစ် ၂၅၀၇-ခုနှစ်၊ ကောဇာသင်္ကြာန် ၁၃၂၅-ခုနှစ်၊ ဝါဆိုလဆန်း(၁၄)ရက်၊ ခရစ်နှစ် ၁၉၆၃-ခုနှစ်၊ ဇူလိုင်လ(၄)ရက်၊ ကြာသပတေးနေ့တွင် ရွှေဘိုမြို့နယ်ရင်းမာရွာ ဒေါ်ရွှေတု မိသားစုတို့က ပျဉ်ထောင်ကာသွတ်မိုးကျောင်းဆောင် ဆောက်လုပ်လှူဒါန်းကြသည်။

အဋ္ဌမ ကျောင်း

သာသနာတော်နှစ် ၂၅၀၇-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၅-ခုနှစ်၊ နတ်တော်လဆန်း(၁၀)ရက်၊ ခရစ်နှစ် ၁၉၆၃-ခုနှစ်၊ နိုဝင်ဘာလ(၂၅)ရက်၊ တနင်းလာနေ့တွင် ရွှေဘိုမြို့မင်းရပ်၊ ကျောင်းဒါယကာကြီး ဦးလှိုင်၊ ကျောင်းဒါယိကာမကြီး ဒေါ်ဟန်ဆင်တို့က အလျား ၅၇-ပေ၊ အနံ ၄၇-ပေရှိ၊ မှန်ယည်အုဋ္ဌကျောင်းတော်ကြီးနှင့်၊ အလျား ၃၃-ပေ ၅-လက်မ၊ အနံ ၂၄-ပေ ၅-လက်မရှိ ဆွမ်းစားအုဋ္ဌကျောင်းတို့ကို ရေဆွဲ(ကုဋ္ဌီ)အတွင်း အပြောင်နှင့်တကွ ဆောက်လုပ်လှူဒါန်းကြသည်။

နဝမ ကျောင်း

သာသနာတော်နှစ် ၂၅၀၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၆-ခုနှစ်၊ နတ်တော်လဆန်း(၁၄)ရက်၊ ခရစ်နှစ် ၁၉၆၄-ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်၊ သောကြာနေ့တွင် ရွှေဘိုမြို့စျေးတန်းရပ်၊ ကြီးတော် ဒေါ်မှုန့် အဘ ဦးသိမ် အမိ ဒေါ်ကေတို့ကို ရည်စူး၍ သိမ်ကျောင်းအမကြီး ဒေါ်ခင်က အလျား ၅၄-ပေ ၆-လက်မ၊ အနံ ၃၂-ပေ ၆-လက်မ၊ အမြင့် ၃၂-ပေ ၆-လက်မရှိ နှစ်ထပ်အုဋ္ဌကျောင်းတော်ကြီးနှင့် ရေချိုးခန်း၊ ရေလောင်းကုဋ္ဌီနှစ်လုံးတို့ကို ဆောက်၊ လုပ်လှူဒါန်းသည်။

ဒသမ ဆောက်လုပ်ခြင်း

သာသနာတော်နှစ် ၂၅၂၁-ခုနှစ်၊ ကောဇာသင်္ကြာန် ၁၃၂၉-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၉)ရက်၊ ခရစ်နှစ် ၁၉၇၈-ခုနှစ်၊ ဇန်နဝါရီလ(၃)ရက်၊ အင်္ဂါနေ့တွင် ဂန္ဓာရုံဆရာတော် အရှင်ကေလာသနှင့် ကျောင်းဒါယကာကြီး ဦးလှိုင်တို့ ဦးစီးနာယကပြု၍ ဆရာတော်၏တပည့် ဦးကြန္ဒာသီရိ၊ ဦးဇင်္ဂီလ၊ ဦးပဏ္ဍိစ္စ စသော ပုဂ္ဂိုလ်တို့က အကျိုးဆောင်ပြု၍ အများကောင်းမှုဖြင့် ကျောင်းတိုက်၏ ပတ်ပတ်လည် မဟာရုံအုဋ္ဌတံတိုင်းကြီး အခန်းပေါင်းများစွာတို့ကို တည်ဆောက်လုပ်ကြသည်။

ကြဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု၊
ကြဒံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဘာဇေမ။

ဝိပဿနာဂန္ဓာရုံရိပ်သာသစ်
ကမ္မဋ္ဌာန်းကျောင်း ကုသိုလ်ရှင်များ

၁။ ဦးကျော်မြင့်-ဒေါ်လှပို မိသားစု၊ မင်းရပ်၊ ရွှေဘိုမြို့။
၂။ ဦးလှဘော်-ဒေါ်ညွှန့်ကြီး မိသားစု၊ ဆိပ်ခွန်၊ ရွှေဘို။
၃။ ဦးခွေး-ဒေါ်တင်ကြည် မိသားစု၊ဗိုလ်ကုန်းရပ်၊ရွှေဘို။
၄။ ဦးသိန်းကြွယ်-ဒေါ်စိန်စိန် မိသားစု၊ ရွှေချိထိုးရပ်၊
မန္တလေး။
၅။ ဦးပိရန်း-ဒေါ်ခင်တင့်၊ သား မောင်မြချမ်း၊ မင်းရပ်၊
ရွှေဘို။
၆။ ဦးနိုင်-ဒေါ်ဖို မိသားစု၊ မင်းရပ်၊ ရွှေဘို။
၇။ ကွယ်လွန်သူ ဒေါ်မှုံအား ရည်စူး၍ ဦးငွေးကြွယ်-
ဒေါ်တင်ကြည် မိသားစု၊ မင်းရပ်၊ ရွှေဘို။
၈။ ကွယ်လွန်သူ ဦးကြူးအား ရည်စူး၍ ဒေါ်ကြင်ကြင်
မိသားစု၊ အောင်တော်မူရပ်၊ မန္တလေး။
၉။ ကွယ်လွန်သူ ဦးသစ်အား ရည်စူး၍ ဒေါ်သိန်းတင်
မသားစု၊ ဆင၌၊ ရွှေဘို။
၁၀။ ကွယ်လွန်သူ အမိ ဒေါ်ခင်မအား ရည်စူး၍ ဒေါ်ကြင်
မေ မိသားစု၊ အနောက်စျေး၊ ရွှေဘို။

၁၁။ ဦးစံမင်း-ဒေါ်ပေါမြင့် မိသားစု၊ ရှမ်းစုရပ်၊ ရွှေဘိုမြို့။
၁၂။ ဒေါ်ရီကို အမှူးထား၍ တူ-ဦးကံအောင်-ဒေါ်နှင်း၊ အနောက်စျေးရပ်၊ ရွှေဘို။
၁၃။ ဦးခင်မောင်တင့်-ဒေါ်ခင်သန်း မိသားစု၊ ရွှေဟသ်ာ စားပဲရုံပိုင်၊ ကျီကုန်းရပ်၊ ရွှေဘို။
၁၄။ ဦးလှိုင်-ဒေါ်ဟန်ဆင် သမီး မကျင်မိ၊ မင်းရပ်၊ ရွှေဘို။

တို့က ကျန်သော အဆောက်အဦများ ကုသိုလ်ပြု လှူဒါန်း ပါသည်။

ရွှေဘိုမြို့ ဝိပဿနာဂန္ဓာရုံရိပ်သာ ဖွင့်ပဲ့ ဆွမ်းကျွေးကုသိုလ်ရှင်များ

စဉ်	အလှူရှင်အမည်နှင့် နေရပ်	ကျပ်
၁။	ဂန္ဓာရုံဆရာတော်	၁၀၀
၂။	ဦးဝမ်း-ဒေါ်မမကြီး မိသားစု စျေးတန်း ရွှေဘို	၃၀၀
၃။	ဦးခွေး-ဒေါ်တင်ကြည် မိသားစု ဗိုလ်ကုန်း ။	၂၀၀
၄။	ကိုလှဦး-မစန်းကြည် မိသားစု ။ ။	၁၀၀
၅။	ဒေါ်သိန်းမေ မိသားစု စျေးတန်း ။	၁၀၀
၆။	ဦးအောင်-ဒေါ်ကြွယ် မိသားစု ကျေးတိုင်စု ။	၁၀၀

စဉ်	အလှူရှင်အမည်နှင့် ဒေနရပ်			ကျပ်
၇။	ဦးအောင်-ဒေါ်ခင်အေး မိသားစု	။	ရွှေဘို	၁၀၀
၈။	ဦးနိုင်-ဒေါ်ဖို မိသားစု	မင်းရပ်	။	၁၀၀
၉။	ဦးဌေးကြွယ်-ဒေါ်တင်ကြည် မိသားစု	။	။	၁၀၀
၁၀။	ဦးပိရန်း-ဒေါ်ခင်တင့်၊သား မောင်မြချစ်	။	။	၁၀၀
၁၁။	မခင်တင့်၊ မခင်မာ	အနောက်စျေး	။	၁၀၀
၁၂။	ဦးတင်၊သမီးမည္ဆန့်ရီ၊မည္ဆန့်ကြည်	ဝန်တော်အိမ်။		၁၀၀
၁၃။	ဦးလှထွန်း-ဒေါ်ခင်ညွန့် မိသားစု	ပျဉ်စျေး	။	၁၀၀
၁၄။	ဦးကျော်မြင့်-ဒေါ်လှပို မိသားစု	မင်းရပ်	။	၁၀၀
၁၅။	ဦးကံအောင်-ဒေါ်နှင်း	အနောက်စျေး	။	၁၀၀
၁၆။	ဦးစံမင်း-ဒေါ်ပေါမြင့် မိသားစု	ရှမ်းစုရပ်	။	၁၀၀
၁၇။	ဒေါ်ခင်၊ အုဋ္ဌကျောင်းအမကြီး	စျေးတန်း	။	၁၀၀
၁၈။	ဦးကျော်(ဘီ-အို-စီ)		။	၅၀
၁၉။	ဒေါ်သိန်းတင်	ဆင်ရုံ	။	၅၀
၂၀။	ဦးစောလှသိန်း၊ဆရာမ ဒေါ်သန်းမေ မိသားစု	သရက်ခြုံ	။	၅၀
၂၁။	ဦးမြသောင်း-ဒေါ်သန်းညွန့်		ခင်ဦးမြို	၅၀
၂၂။	ကိုမောင်ငယ်-မအုန်းမေ မိသားစု	ဆင်ရုံ	ရွှေဘိုမြို	၃၀
၂၃။	ကိုဝမ်းမောင်-မခင်လုံး မိသားစု	။	။	၃၀
၂၄။	ဒေါ်မြရီနှင့် မောင်နှမတစု	မင်းရပ်	။	၃၀

စဉ် အလှူရှင်အမည်နှင့် နေရပ် ကျပ်

၂၅။ ဦးအေးမောင်-ဒေါ်တင်တင် မိသားစု
ဣန္ဒာရပ် ရွှေဘိုမြို့ ၂၅

၂၆။ ဦးကိုလေး-ဒေါ်လှရွှေ ချိပါစု ။ ၂၅

၂၇။ သက်သာပန်းတောင်း ဓမ္မစကြာအဖွဲ့ ၂၅

၂၈။ ဦးအောင်ခင်-ဒေါ်ကြည် ကျီကုန်းရပ် ။ ၁၅

၂၉။ ဦးဘကြီး-ဒေါ်တင်မိ မိသားစု ဗိုလ်ကုန်း ။ ၂၅

၃၀။ ဒေါ်လှမြိုင် မိသားစု ခင်ဦးမြို့ ၂၅

၃၁။ ဦးအောင်သန်း-ဒေါ်သွယ် မိသားစု
စျေးတန်း ရွှေဘိုမြို့ ၂၅

၃၂။ ဒေါ်ကြည်၊ ဒေါ်နွဲ့ မောင်နှမတစု
ဝက်လည်ရွံ့ရပ် ။ ၂၅

၃၃။ ကိုစိန်ဟန်-မင်္ဂဒေသိန်း မိသားစု ဗိုလ်ကုန်း ။ ၂၅

၃၄။ ဒေါ်သန်းရင်ကြီး သရက်ခြံ ။ ၁၀

၃၅။ ဆရာထွန်း သခွတ္တော ။ ၁၁

၃၆။ ဦးဘချမ်း-ဒေါ်သန်းတင် အနောက်စျေး ။ ၁၀

၃၇။ ဦးပု-ဒေါ်ရွှေအောင် မိသားစု မုံအာတွင်း ။ ၂၅

၃၈။ ဦးသောင်းတင်-ဒေါ်နှင်း မိသားစု ဣန္ဒာရပ် ။ ၂၀

၃၉။ ဦးဘငွေ-ဒေါ်ခင်ကြည် မိသားစု မုံအာတွင်း ။ ၁၀

၄၀။ ဦးစံလှိုင်-ဒေါ်ထား ဣန္ဒာရပ် ။ ၂၅

စဉ် အလှူရှင်အမည်နှင့် နေရပ် ကျပ်

၄၁။ ဒေါ်အေးလိုင် မိသားစု မင်းရပ် ရွှေဘိုမြို့ ၂၀

၄၂။ ဒေါ်မြရီ ဂန္ဓာရုံရိပ်သာ ။ ၁၀

၄၃။ ဦးကျော်အေး-ဒေါ်ညွန့်ရီ မိသားစု ရုံးတော။ ၁၀

၄၄။ ဒေါ်ကျော့ရင် ကျေးတိုင်စု ။ ၂၀

၄၅။ ဒေါ်နန်းရင် ငှက်ပျောရွာ ခင်ဦးမြို့ ၅

၄၆။ ဒေါ်စပ် ။ ။ ၅

၄၇။ ဒေါ်ကျောက်ဆစ် ။ ။ ၅

၄၈။ ဒေါ်ဆင်တန် ။ ။ ၅

၄၉။ ဦးချစ်ရန်-မငွေသော် ရုံးတော ရွှေဘိုမြို့ ၅

၅၀။ ကိုချစ်ဦး-မရေဝိုင်း ။ ။ ၅

၅၁။ ဦးတင်-ဒေါ်အေးစံ သီကုံးရွာ ဆန်တတင်း

၅၂။ ဦးသောင်းဝေ-ဒေါ်သန်းမြင့် သရက်ခြံ ရွှေဘိုမြို့ ၅

၅၃။ ဦးညွန့် ။ ။ ၅

၅၄။ ကျောင်းဒါယကာ ဦးလှိုင်၊ ဒါယိကာမ ဒေါ်ဟန်ဆင်
တို့က လိုအပ်သော နေရာတို့၌ တာဝန်ယူ လှူဒါန်းကြ
ပါသည်။

၅၅။ ဦးလှဘော် မိသားစု ဆိပ်ရွာ ရွှေဘို ၁၀၀၀

စဉ့်	အလှူရှင်အမည်နှင့် နေရပ်		ကျပ်
၅၆။	ဦးပြင်ရာ		၁၀၀
၅၇။	ဦးတင်အောင်၊ကျောက်မဲပဲ့ရုံပိုင် ကြည်ကုန်းရပ်	ရွှေဘိုမြို့	၅၀
၅၈။	ဦးဇော်မြင့်-ဒေါ်တင်တင်အုန်းမိသားစု မင်းရပ်	။	၅၀
၅၉။	ဒေါ်ဂွမ်းရုံ	အနောက်စျေး ။	၅၀
၆၀။	ဒေါ်တင်မြင့်မိသားစု	စာရေးတန်း ။	၄၀
၆၁။	ဦးဘစိန်-ဒေါ်စိန်တင်မိသားစု	အနောက်စျေး ။	၅၀
၆၂။	ဦးမောင်ကို-ဒေါ်ခင်ရွှေမိသားစု	ပြည်တော်သာ။	၅၀
၆၃။	ဦးဘမောင်-ဒေါ်အေးခင် မိသားစု	ဆင်ရုံ ။	၃၀
၆၄။	ဒေါ်မယ်မ၊ ဒေါ်မြမြ၊ ဌေးဌေး	ဝန်တော်အိမ် ။	၃၀
၆၅။	ဦးဘမောင်-ဒေါ်အေးခမိသားစု	အနောက်စျေး။	၂၀
၆၆။	ဒေါ်ကြွယ် မိသားစု	ဆင်ရုံ ။	၁၅
၆၇။	ဦးတင်မောင်ဝင်း-ဒေါ်မြမြဇော်		၁၀
၆၈။	ဒေါ်သိန်းရွှင်		၁၀
၆၉။	ဒေါ်ရီ	စျေးတန်း	၅
၇၀။	ဒေါ်မိ	သရက်ခြံ	၅

ဓမ္မာသနရှေ့ပလ္လင်တော်နှင့်
ထီးဖြူတော်ကြီးများ၊ သာသနာ့အလံတော်
လျှပ်စက်မီးရောင်စုံ မီးသီးကုံးကုသိုလ်ရှင်များ

စဉ် အလှူရှင်အမည်နှင့် နေရပ် ကျပ်

၁။ ဒေါ်ကျင်မေ မိသားစု အနောက်စျေး ရွှေဘိုမြို့ ၁၀၀ဝိ

၂။ ဦးထိန်-ဒေါ်သိန်းသိန်း မုံအာတွင်း
ဂဠုံမင်း ဘက်ထရီအလုပ်ပိုင် ၁၀၀ဝိ

၃။ ဒေါ်အေးသာနှင့်မြေး ရဲဘော်မောင်ကျော်မောင်
မင်းရပ် ၁၀၀ဝိ

၄။ ဦးဘမောင်-ဒေါ်အေးခ မိသားစု
အနောက်စျေး ရွှေဘိုမြို့ ၄၀ဝိ

၅။ ဦးတင်မောင်-ဒေါ်အေးမြိုင်
မိသားစု သုခဆေးတိုက် ″ ″ ၂၀ဝိ

၆။ ဒေါ်ဂွမ်းယုံ ″ ″ ၁၀ဝိ

၇။ ဦးမောင်ကို-ဒေါ်လှိုင် မိသားစု ″ ″ ၁၀ဝိ

၈။ ဦးသောင်းဖေ ဝါးတောမ ၁၀ဝိ

၉။ ဒေါ်ဂွန်နှင့် ဒေါ်ကုလဝတီ ဂန္ဓာရုံရိပ်သာ ၁၁ဝိ

၁၀။ ဒေါ်ခေမာနှင့် ဒေါ်တင် ″ ၁၁ဝိ

၁၁။ ကိုမြချိန်-မပိုရင် မိသားစု ဝန်တော်အိမ်
သာသနာ့အလံတော်များ

မိတ်ဆက်လွှာ

ထူးခြားပြည့်စုံတဲ့ တရားစာအုပ်

"ဝိပဿနာဂန္ဓာရုံရိပ်သာသစ်ဖွင့်ပဲ့ အထိမ်းအမှတ်တရား" တော်" လို့ နာမည် တပ်ထားတဲ့ ဒီ တရားစာအုပ်ငယ်က ငှယ်ပင် ငယ်သော်လဲ ထူးခြားပြည့်စုံတဲ့ တရားစာအုပ်ငယ် ဖြစ်ပါတယ်။ ထူးခြားတဲ့အရာမှာ တည်ရာဌာနအားဖြင့်လဲ ထူးခြားတာ၊ တည်တဲ့ ပုဂ္ဂိုလ်အားဖြင့်လဲ ထူးခြားတာ၊ ဟောတဲ့ ဆရာတော်အားဖြင့်လဲ ထူးခြားတာကို တွေ့ရပါတယ်။

သဒ္ဓါမှန်ပေါက်တော့ ကာယကံမြောက်တယ်

တည်ရာဌာနအားဖြင့်ထူးခြားပုံကတော့ ဝိပဿနာဂန္ဓာရုံရိပ်သာသစ်ဟာ ရွှေဘိုမြို့အတွင်း အရွှေတောင်မျက်နှာသမိုင်းဝင် ပုခမ်းဘုရား(စေတီတော်)ကြီးရဲ့ အနောက်ဘက် မြေနေရာမှာ ဘုရားကြီးနှင့်ကပ်လျက် တည်နေပါတယ်။

ဒီမြေနေရာက ရှေးက အကျန်အကြွင်း ကျောင်းတိုက်ဟောင်း နေရာ မဟုတ်ပါဘူး။ ဂန္ဓာရုံဆရာတော်ရဲ့ ဘုန်းကံအလျောက် သာသနာရေးအမြင်ကျယ်ကြတဲ့ ဒကာ ဒကာမများက သဒ္ဓါစေတနာပေါက်ပြီး ထက်ထက်သန်သန်နှင့် ဂန္ဓာရုံဆရာတော်အား လှူဒါန်းထားတဲ့ အသစ်စက်စက်နေရာဖြစ်ပါတယ်။ ရိပ်သာသစ်တည်ဘို့ ကြံရွယ်မှန်း သိကြတော့ အသစ်စက်စက် ထပ်မံတိုးချဲ့ပြီး လှူကြပြန်ပါတယ်။

ကျောင်းတိုက် စတည်ထောင်စဉ်အချိန်က ဒီနေရာမှာ ဂန္ဓာရုံဆရာတော်ဟာ သက်ကယ်မိုး၊ ဝါးထရံကာ၊ ဝါးကြမ်းခင်း ကျောင်းငယ်ကလေးပေါ်မှာ သီတင်းသုံးပြီး ဒီလို ကျောင်းငယ်လေးတခုပေါ်မှာပင် သီတင်းသုံးကြရတဲ့ စာသင်ကိုယ်တော်ငယ်ကလေးများအား သာသနာတော်ရဲ့ အခြေအမြစ်ကျမ်းစာများ ပို့ချပြီး နေခဲ့တာကို တွေ့သိခဲ့ရပါတယ်။ သာသနာတော်ရဲ့ အလုပ်မှန်ကို စည်းကမ်းကျကျ စေတနာမှန်မှန်နဲ့ မှန်မှန်လုပ်နေတော့ သဒ္ဓါမှန်ပေါက်တဲ့ အထဲက ကာယကံမြောက်နိုင်တဲ့ ကုသိုလ်ရှင်ဆိုတာလဲ ပေါ်ရစမြဲပါ။

ဒါကြောင့် ဒီလို သီတင်းသုံးနေလာလို့ နှစ်ပိုင်းများများမကြာမီမှာဘဲ ရှေ့ဘို့ မင်းရပ်မှာ နေကြတဲ့ ဦးလှိုင်-ဒေါ်ဟန်ဆင်၊ စျေးတန်းရပ် ဒေါ်ဒေါ်ခင် စတဲ့ ကုသိုလ်ရှင်

များက ထိုက်တန် ထည်ဝါတဲ့ အုဋ်ဌကျောင်းများ ဆောက် လုပ်လှူဒါန်းကြလို့ ကျောင်းဒကာ ကျောင်းအမဆိုတဲ့ ဗုဒ္ဓ သာသနာတော်နဲ့ ဆိုင်တဲ့ နာမည်ထူး၊ ဂုဏ်ထူး၊ ဘွဲ့ထူးက သူတို့အပေါ် အလိုလိုသက်ရောက်ပြီး အမည်တပ်ပြီး ဖြစ်ခဲ့ ပါတယ်။

လှူလဲလှူ ကျင့်လဲကျင့် ထပ်ဆင့်ပွား

အဲဒီကျောင်းဒကာ ကျောင်းအမများဟာ "ကျောင်းကို လှူထားတဲ့ ပုဂ္ဂိုလ်ဟာ အားလုံးကို လှူထားရာရောက်တယ်" ဆိုတဲ့ ဗုဒ္ဓစကားတော်နဲ့လဲ ကိုက်ညီနေကြတာကို တွေ့ရ ပါတယ်၊ ဒီလို ထူးခြားတဲ့နေရာပါ။

ဒါပေမဲ့ ဝိပဿနာဂန္ဓာရုံရိပ်သာရယ်လို့ ယခုလို အကောင် အထည်ပေါ်လာအောင် နှစ်ပိုင်း တိုတိုလောက်နဲ့ သန္ဓေ တည်လာခဲ့တာတော့ မဟုတ်ပါဘူး။ ဂန္ဓာရုံဆရာတော်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော်(၁၉၅၈-၁၃၂၀-ခုနှစ်) လောက်က ဒီလို ဖြစ်လိုတဲ့ စိတ်ကူးကြံစည်မှုရှိလာခဲ့ကြောင်း သိရပါတယ်။ အဲဒီ အချိန်က မဟာစည်ဆရာတော်ကြီးကိုယ် တိုင်က ရိပ်သာဖွင့်ဘို့ တိုက်တွန်းခဲ့ကြောင်းကိုလဲ သိရပါ တယ်၊ဒါပေမဲ့ အကြောင်း မညီညွတ်ခဲ့သေးပါဘူး။ခုတော့—

"ကြမ္မာလည်းသင့်၊ ဘုန်းလည်း ပွင့်၍၊ အကျင့်လည်းပြည့်၊ ခွင့်ညီလည့်က၊ ထွန်းစည့်ဝင်းရှိန်၊ တေဇာထိန်၍"—

ဆိုတဲ့အတိုင်း ကြမ္မာတော်သင့် ဘုန်းတော်ပွင့် အကျင့်ပြည့်ပြီ အခွင့်ညီတော်မူလွန်းလို့ တေဇာတော်ထွန်းဆဲပါ။

တေဇာတော်ထွန်းချင်တော့ ဆိပ်ခွန်ရွာ အဆက်အနွယ်ဖြစ်ကြတဲ့ ကျောင်းဒကာကြီး ဦးလှိုင်နှင့် ကျောင်းအမကြီး ဒေါ်ဟန်ဆင်တို့ဟာ "ကျောင်းဒကာကြီး သာသနာပျော် သဃာတော်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းနေနိုင်ရုံနဲ့ အားမရနဲ့အုံး သာသနာတော် ထွန်းတုန်း ပရမတ်အစစ်၊ ဓာတ်အနှစ်ကို သိအောင်လဲ အားထုတ်အုံး" လို့ မြတ်စွာဘုရားက ကျောင်းဒကာ အနာထပိဏ်ကို သတိပေး ဆုံးမဘူးတဲ့စကား ကြားသိဘူးကြတော့ ၁၃၃၉-ခုနှစ်၊ နှစ်ဦးပိုင်းမှစ၍ ဝါကျွတ်တိုင်အောင် မဟာစည်ဆရာတော်ကြီးရဲ့ ဇာတိရပ်ရွာ မူလဘူတ ဝိပဿနာကမ္မဋ္ဌာန်းဌာန ဆိပ်ခွန်ရွာ မဟာစည်ရိပ်သာကို သွားကြပြီး၊ မဟာစည်ဆရာတော်ရဲ့ စက်ကျအတိုင်း ဝိပဿနာအလုပ်ကို ဟုတ်ဟုတ် ဟပ်ဟပ် အားထုတ်ကြလို့ ထူးခြားတဲ့ တရားအရသာတွေကို ကိုယ်တိုင်တွေ့သိကြရတယ်။

သူတို့ တွေ့သိထားတဲ့ တရားအရသာမျိုးတွေကို အများလူတွေလဲ တွေ့သိစေလိုတဲ့ သဒ္ဓါဆန္ဒတွေ အလျှိုးတကြီး ဖြစ်ဖြစ် နေပြန်တော့ သူတို့ကိုယ်တိုင် စစဦး တည်ထားကိုးကွယ်ရာ ရွှေဘို ဂန္ဓာရုံတိုက်သစ်မှာဘဲ ကမ္မဋ္ဌာန်းကျောင်းတွေဆောက်၊ ယောဂီတွေကိုလဲ ထောက်ပံ့၊ ကမ္မဋ္ဌာနာစရိယ မောင်းမောင်းနဲ့ ခိုင်ခိုင်ခန့်ခန့် နိဗ္ဗာန်လမ်းကျောင်း စခန်းကောင်းကြီး တည်ဆောက်လို့ သာသနာနယ် ပြန့်ကျယ်နိုင်ဘဲလောက် သာသနာ့ဒါယကာ သရဖူကို ဆောင်းချင်စိတ်တွေ ပေါက်ပြီး၊ ဂန္ဓာရုံဆရာတော်နဲ့ တိုင်ပင်လျှောက်ထားဖိတဲ့အခါ "တရားတော်ကျင့်ခါ နေလာလို့ ပင့်ပါလေ" ဆိုတာလို အကြံတူ ဖြစ်သွားကြလေတော့၊ ၁၃၇၉-ခုနှစ်၊ တဝိုတဲ့လလောက်ကစပြီး တည်ဆောက်လာလိုက်တာ အခုဆိုယောဂီတရာကျော်ကျော် တသုတ်တည်း နေပျော်လောက်တဲ့ ကမ္မဋ္ဌာန်းကျောင်းအဆောက်အဦ(၂၀)ကျော်လောက် ပေါ်ပေါက်တည်ရှိနေပါပြီ။

ဦးပိယန်း-ဒေါ်ခင်တင့်၊ ဦးနိုင်-ဒေါ်ဖို့ မိသားစု၊ ဒေါ်ရိန္နင့် တူ ဦးကံအောင်-ဒေါ်နှင်း၊ ဦးစံသင်း-ဒေါ်ပေါမြင့်၊ ဦးကျော်မြင့်-ဒေါ်လှပို၊ တူ-ဦးကံအောင်၊ ဦးငွေးကြွယ်-ဒေါ်တင်ကြည်၊ ဦးသိန်းကြွယ်-ဒေါ်စိန်စိန်၊ ဦးခင်မောင်တင့်-ဒေါ်ခင်သန်း၊ ဒေါ်သိန်းတင် မိသားစု။

ဦးလှဘော်-ဒေါ်ညွှန့်ကြီး မိသားစု၊ ဒေါ်ကျင်မေ မိသားစု၊ဦးခွေး-ဒေါ်တင်ကြည်မိသားစု စတဲ့ ပါရမီဖြည့်ဘက်တွေကလဲ ပစ္စည်း(၄)ပါး ထည့်စွက်လာလိုက်ကြတာ၊နာယကဆရာတော်၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့အတွက်သာမကယောဂီတွေအတွက်ပါ အေးအေးစက်စက် ကမ္မဋ္ဌာန်းအလုပ်လုပ်ရုံသက်သက်မှတပါး ဘာတခုအတွက်မျှ ငဲ့ကွက်အားနာနေစရာမလို အားလုံးကောင်း ပြည့်စုံနေပါတယ်၊ တည့်တဲ့ပဂိုလ်အားဖြင့်လည်း ဒီလိုထူးခြားတာပါ။

ဌာနအနေနှင့် ဒီလိုပြည့်စုံ အားထုတ်မဲ့ ယောဂီကလည်း (၃၀) ကျော်လုံလောက်နေလို့ ရိပ်သာသစ်ဖွင့်ပွဲပြုလုပ်ဘို့ ၁၃၄၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၃) ရက် သတ်မှတ်ခဲ့ပေမဲ့ မဟာစည် ဆရာတော်ကြီး နိဗ္ဗာန် လမ်းမှန်သတိပဋ္ဌာန် တရားတော် ဖြန့်ဖြူးရေးအတွက် ကမ္ဘာအနှံ့ဒေသစာရီကြွချီဘို့ အခွင့်ဆိုက်လာလို့ အဲဒီရက်မှာမဖွင့်ခဲ့ရပါဘူး။ ဒါကလဲ ထူးခြားသထက် ထူးခြားဘို့အကြောင်းဖန်ပြန်တာပါဘဲ။

ကမ္ဘာလှည့်မဟာစည်နှင့် ရိပ်သာဖွင့်ပွဲ

မဟာစည်ဆရာတော်ကြီးဆိုယင်၊ ဗမာတွင် မက ကမ္ဘာကပါသိထားပြီးဖြစ်နေပေမဲ့ နဲနဲလောက် ထည့်ပြောချင်ပါတယ်။

ရဟန်းသိက္ခာ (၈)ဝါရလောက်ကစပြီး မင်္ဂစ်ဖိုလ်မှန် နိဗ္ဗာန်မြင်ရန် ကိုယ်တော်တိုင် အားထုတ်လို၊ တရားအစစ် အမှန်ကို ကိုယ်တော်တိုင် တွေ့မြင်သိရှိလာတဲ့အခါ ရဟန်း သိက္ခာ(၁၈)ဝါလောက်ကစပြီး ကိုယ်တော်အလား အမျှား လူရွှင်တို့ကို သိစေချင်လွန်းလို၊ ဝိပဿနာ သတိပဋ္ဌာန်အလုပ် စခန်းတွေဖွင့်ပြီး၊ ဝိပဿနာ အလုပ်ပေးတရား ဟောကြား ညွှန်ပြလို လိုလားတဲ့ လူရွှင်ရဟန်းတို့ကို ဝိပဿနာအလုပ် လုပ်စေခဲ့ပါတယ်။

ကမ္ဘာ့ ဝိပဿနာပြန့်ပွားရေးအဖွဲ့လို့လဲ ကမ္ဘာနှင့်ချီပြီး အမည်တပ်ခဲ့ပါတယ်၊ နိဗ္ဗာန်မြင်ဘို့ နည်းမှန် လမ်းမှန်ကို သိသင့်တဲ့ ကမ္ဘာသူ ကမ္ဘာသားတွေကို သိစေမယ်ဆိုတဲ့ ရည်ရွယ်ချက်ပါဘဲ၊ စပြီး တရားပန္နက်ချစဉ်ကတဲက ဗမာလောက် သာရည်ရွယ်တဲ့ သေးငယ်ကျဉ်းမြောင်းလှတဲ့ ရည်ရွယ်ချက် မဟုတ်ပါဘူး၊ အလွန်ကြီးမားလှတဲ့ မေတ္တာတော်၊ ကရုဏာ တော်ပါ၊ အလွန်ကျယ်ပြန့်တဲ့ အမြင်တော်ပါ၊ ဒီလိုအမြင်နဲ့ ကြီးမားတဲ့မေတ္တာ၊ ကရုဏာတော်ဟာ အလွန့်အလွန်ရင့်ရုံ မက ပင့်ရုံလဲမက မှည့်ရွှန်းလာလို့ မူလအဓိဋ္ဌာန်အတိုင်း၊ ကမ္ဘာလှည့်ပြီး မဟာ သတိပဋ္ဌာန်တော်ကို မွန်းခဲ့ပါပြီ၊ ဟောတဲ့ ဆရာတော်အားဖြင့်လည်း ဒီလိုထူးခြားပါတယ်၊ ဒီလိုထူးခြားမှုတွေ ဆုံဆည်း စုံလင်လာတော့ နာယူမှုတ်

သားရတဲ့ ပရိသတ်များလဲ ထူးခြားတာတွေကို ကြားသိကြရပါတယ်။

"သတိပဋ္ဌာန် သာသနာပြုသွားတဲ့အခါ ထိုထိုအရပ်တွေမှာ တရားအားထုတ်ကြတဲ့ပုဂ္ဂိုလ်တွေ တော်တော်များများတွေ့ရပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေထဲမှာ အချို့က ဗုဒ္ဓတရားတော်ရယ်လို့တော့မဟုတ်ပါဘူး၊ သူတို့နည်းနဲ့ သူတို့တရားတွေဟောကြားပြီး အားထုတ်နေကြတယ်၊ ဗုဒ္ဓဘာသာအမည်ခံပြီးတော့ ဟောပေမယ်လို့ ဗုဒ္ဓတရားတော် မဟုတ်ဘဲနဲ့၊ ပုံတော်သလို သူတို့စိတ်ကူးနဲ့သူတို့ စိတ်ချမ်းသာမှုရအောင် ဆိုပြီးတော့၊ ဟိုဟာစဉ်းစား၊ ဒီဟာစဉ်းစား ဟောပြောတာလဲရှိပါတယ်၊ အဲဒီအတိုင်းလိုက်နာပြီး အားထုတ်နေကြတယ်၊ အဲဒါနဲ့သူတို့မှာ စိတ်ချမ်းသာမှုရတယ်ဆိုပြီး သဘောကျနေကြတယ်၊ အင်း-သူတို့အားထုတ်တာက နိဗ္ဗာန်ရောက်ကြောင်းတရားတော့မဟုတ်ပါဘူး" (စသည်)။

ဆရာတော်ကြီးရဲ့ ကမ္ဘာ့ခရီးစဉ်မှာ ဒီလိုတွေ့ကြုံခဲ့တာကို ကြားသိကြရတော့ ဒီ မြန်မာနိုင်ငံမှာ ဒီ (မဟာစည်) ဆရာတော်ကြီးရဲ့ တကယ် စိတ်ချမ်းသာရေး နိဗ္ဗာန်ရရေး ဗုဒ္ဓအလိုတော်ကျ နည်းမှန် လမ်းမှန်ကို ယုံယုံကြည်ကြည်နဲ့ နာယူမှတ်သားကြရတာ၊ အားထုတ်ကြရတာ၊ ဘယ်လောက်

စမ်းသောစရာ၊ အားကိုးစရာ၊ အားတက်စရာကောင်းတာကို သတောပေါက်နိုင်ပါတယ်။

ကမ္ဘာသူ သမ္ဘာသားအများစုဟာ၊ စိတ်ချမ်းသာမှုကို တကယ်ရလိုပြီး တကယ်အားထုတ်လိုပါလျက်၊ နည်းမှန်လမ်းမှန်ကိုမသိရဘဲ ယောင်လည်လည်ဖြစ်နေကြပုံ တကယ်အားထုတ်နေပါလျက်၊ (မိမိလိုလားတဲ့ စိတ်ချမ်းသာမှုကို ရစေနိုင်တဲ့ အားထုတ်မှုမဟုတ်တာကို အဟုတ်ထင်အားထုတ်နေတော့)အချီးနှိုးဖြစ်နေမှန်း မသိကြပုံ စသည်ကိုသိကြရတော့၊ မိမိတို့မှာ ကုသိုလ်ထူးလှပါကလားလို့ အတိတ်ကံကိုမှန်းဆနိုင်ပါတယ်။

ဒီလိုထူးခြားမှုမျိုးပေါင်း စုံလင်ရလေအောင် အချိန်ကာတမင်ဖန်တီးလာလို့ မဟာစည်ဆရာတော်ကြီး သတိပဋ္ဌာန်ခရီးစဉ်မှ ပြန်လည်ကြွရောက်လာပြီး၊ ၁၃၄၁ ခုနှစ်၊ ဝါခေါင်လဆန်း (၉) ရက်နေ့မှာမှ ဝိပဿနာ ဂန္ဓာရုံ ရိပ်သာသစ်ဆိုတဲ့အမည်နဲ့ ရိပ်သာဖွင့်ပွဲ ခင်းကျင်းခဲ့ရပါတယ်။

ဆရာတော်ကြီးရဲ့သက်တော် (၇၅) နှစ်ပြည့် အထိမ်းအမှတ်ဖြင့် **စိန်ရတုသာဓင်** အခမ်းအနားကိုပါ ထည့်သွင်းပြီး တပည့်ရဟန်းပရိသတ် လူပရိသတ်များစွာတို့က ဆရာတော်ကြီးအား ပူဇော်ကန်တော့ကြပါတယ်။

အဲဒီ(၉)ရက်နေ့ညမှာပင် ဆရာတော်ဘုရားကြီးက ထင်ဒါထက် အဆမတန်မျှားပြားလှသော တောရောမြို့ပါ ရဟန်းရှင်လူပရိသတ်တို့အား ကမ္ဘာ့ခရီးစဉ်တလျှောက်မှာ တွေ့ကြုံခဲ့တဲ့ ဘာသာရေးအတွေ့အကြုံမျှားစွာမှ မြန်မာဗုဒ္ဓဘာသာပရိသတ်တို့ အထူးသတိပြုထိုက်တဲ့ အတွေ့အကြုံ အနည်းငယ်ကိုပါ ထည့်သွင်းပြီး နိဗ္ဗာန်မြင်နိုင်ရန် ဝိပဿနာနည်းလမ်းမှန်ကို အချိန်အနည်းငယ်အတွင်းမှာ အပြည့်အစုံဟောကြားတော်မူခဲ့ပါတယ်။

ရိပ်သာသစ်ဖွင့်ပွဲမှာ ဟောထားအပ်တဲ့ တရားတော်ကို၊ ဂန္ဓာရုံဆရာတော်က အမှတ်တရဖြစ်ဖို့ တရားစာအုပ်ငယ်ဖြစ်အောင် အမျိုးမျိုးကြိုးစားလို့ ဒီတရားစာအုပ်ငယ် ပေါ်ထွက်လာရပါတယ်။

အများကြိုက် ဘုရားကြိုက် တရားစာအုပ်

ဒီစာအုပ်ငယ်ကို ဖတ်ရှုသူဟာ "ငယ်သာငယ် ကယ်ဆယ်မဲ့ဘုရား"ဆိုတာလို စာအုပ်ပင် ငယ်သော်လဲ နိဗ္ဗာန်မြင်ဘို့ တကယ်အားထုတ်လိုသူမျှား ရှောင်တိမ်းလို့ မဖြစ်တဲ့ ဝိပဿနာရှုနည်းမှန် လိုရင်းချုပ်ကို သိရမည့်ပြင် ဆင်းရဲဒြိမ်းမှု နိဗ္ဗာန်လိုချင်လို့ မြတ်စွာဘုရား၏ တရားတော်အမှန်ကို

ရှာကြံသူတို့ အမှန်တကယ် သိထိုက်တဲ့ ဖေါ်ပြထားမည့် အချက်များကိုလဲ ပြတ်သားစွာ သိရပါလိမ့်မယ်။

ဒါကြောင့် ဒီစာအုပ်ငယ်မှာ ပါရှိတဲ့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို စာသိ သိရုံမဟုတ်ဘဲ ဉာဏ်သိ သိအောင် အားထုတ်လှည့်ပါ၊ ဝိပဿနာဂန္ဓာရုံရိပ်သာသစ်မှာ ဂန္ဓာရုံဆရာတော်က နာယကအဖြစ် ကြီးကြပ်ကွပ်ကဲလျက် ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဣန္ဒဝံသိရိန့် ဆိပ်ခွန်မှ ဆရာတော်တို့က ဉာဏ်သိ သိနိုင်အောင် ဉာဏ်တွေ့လုပ်ငန်းကို မဟာစည်ဆရာတော်၏စက်တော်ကျအတိုင်း တိတိကျကျ ဖြောင့်ဖြောင့်တန်းတန်း ညွှန်ပြပေးနေပါတယ်။ မဟာစည်ဆရာတော်ရဲ့ ဩဝါဒခံ ဒီဝိပဿနာဂန္ဓာရုံရိပ်သာသစ်မှာ အားထုတ်ယင်လဲ ဉာဏ်သိ သိနိုင်ပါတယ်လို့ မိတ်ဆက်လိုက်ရပါတယ်။

ဤစာအုပ်တွင်

(၁) တကယ် ကိုယ်ချမ်းသာ စိတ်ချမ်းသာမှုရအောင် အားထုတ်ရမည့် နည်းမှန် လမ်းမှန်ကို မြတ်စွာဘုရား ကိုယ်တော်တိုင် အာမခံ နည်းပေးခဲ့ပုံ။

(၂) မြတ်စွာဘုရား ပေးထားခဲ့တဲ့နည်းအတိုင်း မဟာစည်ဆရာတော်ကြီးက မြန်မာပြည်သူ ပြည်သား ကမ္ဘာသူ ကမ္ဘာသားတို့အား နည်းပေးထားပုံ။

(၃) မြတ်စွာဘုရား ကိုယ်တော်တိုင် တကယ် ကိုယ် ချမ်းသာ စိတ်ချမ်းသာမှုရအောင် အားထုတ်ခဲ့ပုံ။

(၄) ဘုရားအလောင်းတော်၏ ဘုရားဖြစ်အောင် အား ထုတ်နည်းနဲ့ သူသူငါငါ မဂ်ဖိုလ်နိဗ္ဗာန် ရနိုင် မြင်နိုင်ရန် အားထုတ်နည်း(၂)ခု ထူးခြားကဲလဲမှု ရှိ-မရှိ။

(၅) မဂ်ဖိုလ်နိဗ္ဗာန် ရောက်ရပါလို၏-ဟု ဆုဝတောင်း မှုဖြင့် မဂ်ဖိုလ်နိဗ္ဗာန် ရောက်-မရောက်(စသည်)။

အရှင်ဝိမလာဘိဝံသ
ပုခန်းကျောင်းတိုက်၊
ရွှေဘိုမြို့။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကမ္ဘာ့ သာသနာပြု အတွဲ အကြုံ

ဗုဒ္ဓဘာသာဝင်ဖြစ်ကြတဲ့ပုဂ္ဂိုလ်တွေက အများကြီး စိတ်ဝင်စားကြပါတယ်၊ စိတ်ဝင်စားပြီးတော့ ဘုန်းကြီးတို့လာတဲ့အခါလဲ ကြိုကြဆိုကြ အခုလို တရားဟောတဲ့အခါလဲ တရားနာလာကြ ရှေးတုန်းကဆိုယင် ခုလို တရားနာပရိသတ်တွေ မများကြပါဘူး တရားနာပရိသတ်တွေ အင်မတန်များနေတာ မြင်ရတော့ ပထမက ဒီလောက် များမှာ မဟုတ်ဘူးလို့ အောက်မေ့ခဲ့တာ တရားနာ ပရိသတ်တွေ အများကြီး ရှိနေတယ်။

ခုနက နိုင်ငံခြားသာသနာပြုသွားပုံ သွားတဲ့အခါကာလကျတော့ တွေ့ကြုံရပုံလေးတွေ အစုံ အခြုံပေါ့လေ အကုန်လုံးတော့ မပြောနိုင်ပါဘူး၊ အဲဒါတွေတော့ ပြောပြပြီးပါပြီ၊ အဲဒါတွေ နာချင်လို့ရှိယင် ဒီမှာ အသံသွင်းထားတာ ရှိပါတယ်၊ အဲဒါတွေ အသံသွင်းထားပြီး ဖွင့်ပြတဲ့ပုဂ္ဂိုလ်တွေ ရှိပါလိမ့်မယ်၊ အဲဒီအခါကျတော့ နားထောင်ကြပေတော့ မတတ်နိုင်ဘူး။

အခုတော့ ဘုန်းကြီးက ဟောခဲ့ပြီး တရားအကျဉ်းကို ထပ်ပြီး ဟောရမယ်၊ သတိပဋ္ဌာန်သာသနာပြုသွားတဲ့အခါ ကာလမှာ ထိုထိုအရပ်တွေမှာ တရားအားထုတ်ကြတဲ့ပုဂ္ဂိုလ် တွေ တော်တော်များများ တွေ့ရပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေ အချို့က ဗုဒ္ဓတရားတော်ရယ်လို့တော့ မဟုတ်ပါဘူး၊ သူတို့ နည်းနဲ့ သူတို့ တရားတွေဟောကြပြီး အားထုတ်နေကြတယ်၊ အင်း(မာဒေးရှင်း)ခေါ်တဲ့တရား ဟောကြားပြီး အားထုတ် တာလဲ ရှိတယ်။

ဒီပြင်ပုဂ္ဂိုလ်တွေ ဟောတဲ့ တရားတွေ ဒီလိုဟာတွေလဲ ရှိတယ်၊ ဗုဒ္ဓဘာသာအမည်ခံပြီး ဟောပေမယ်လို့ ဗုဒ္ဓတရား တော် မဟုတ်ပဲနဲ့ ပုံတော်သလိုပါပဲ၊ သူတို့စိတ်ကူးနဲ့ သူတို့ စိတ်ချမ်းသာမှုရအောင်ဆိုပြီးတော့ ဟိုဟာစဉ်းစား ဒီဟာ စဉ်းစား စသည်ဖြင့် ဟောပြောတာလဲရှိတယ်၊ အဲဒီအတိုင်း လိုက်နာပြီး အားထုတ်နေကြတယ်၊ အဲဒါနဲ့ သူတို့မှာ စိတ် ချမ်းသာမှုရတယ်ဆိုပြီး သဘောကျနေကြတယ်၊ အင်း— သူတို့ အားထုတ်တာက နိဗ္ဗာန်ရောက်ကြောင်းတရားတော့ မဟုတ်ပါဘူး။

အဲဒီတော့ ဒီလိုတရားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေက အလိုဆန္ဒတွေနဲ့ လုံ့လဝီရိယတွေနဲ့ ပြည့်စုံနေပါတယ်၊ ဘုရား

အလိုတော်ကျ တရားအားထုတ်ပြီး ကုသိုလ်တရားတွေ့မပွားရဘူးလို့ဆိုတာတွေကို သိရတဲ့အတွက် ဘုန်းကြီးတို့က သနားပါတယ်၊ ရှေးရှေးသော ပုဂ္ဂိုလ်တွေ့ ဆရာသမားတွေက မဟုတ်တဲ့နည်းတွေကို အဟုတ်လုပ်ပြီး ညွှန်ကြားပြီး ထားခဲ့တော့ အဲဒါတွေ့ အဟုတ်မှတ်ပြီး လိုက်နာ ကျင့်နေရတယ်။

အခု၊ ပုဒ္ဓတရားတော်အနေနဲ့ ဘုရားဆင်းတုတော်ကို သူတို့နည်းနဲ့သူတို့ ဆင်းတုပေါ့လေ၊ ဒီက မြန်မာဆင်းတုမျိုးတော့ မဟုတ်ပါဘူး၊ အဲဒီ ဘုရားဆင်းတုရှေ့မှာ ဘုရားဝတ်တက် ဝတ်ပြုတဲ့အနေနဲ့ရှတ်ဆိုပြီးတော့ တီးစရာ ခေါက်စရာလေးတွေ့ တီးခေါက်ပြီးတော့ လုပ်နေတာတွေ့လဲ တွေ့ရတယ်၊ ဘုရား အလိုတော်ကျတော့ မဟုတ်ပါဘူး၊ မြတ်စွာဘုရားက ဒီလို့ရှတ်ဆိုပြီး၊ တီးခေါက်စရာတွေ့ တီးခေါက်ပြီးမှ လုပ်ရမယ်လို့တော့ ညွှန်ကြားတာ မရှိပါဘူး၊ အခု၊ က အကြီးအကျယ် တီးခေါက်ပြီးတော့ အားထုတ် နေကြတယ်။

မြတ်စွာဘုရား အလိုတော်ကျတရားကတော့ ဆင်းရဲခပ်သိမ်းငြိမ်းဖို့ရာတရားပဲ၊ သတ္တဝါတွေ့အို့ကြ နာကြ သေကြရတဲ့ဆင်းရဲတွေ့ကို မြင်နေရတော့ အို့ခြင်း နာခြင်း သေခြင်း ကင်းတဲ့တရားကို ရဖို့ရာက အရေးကြီးတယ်။

ဘုရားလောင်းရဲ့အမြင်

အဲဒီတော့ အိုခြင်း နာခြင်း သေခြင်းကင်းတဲ့ တရား ကိုတွေ့အောင် ရှာမယ်ဆိုပြီး မြတ်စွာဘုရား လောင်းဟာ တောထွက်ပြီး ကိုယ်တိုင် တရားရှာခဲ့တယ်၊ တရားရှာပုံတွေ ရှေပိုင်းက အများကြီး ပြောစရာရှိပါတယ်။

နောက်ဆုံး အပိုင်းကတော့ ဝေဒနာ အစရှိသော သဘောတရားတွေကို အကောင်းထင်ပြီးတော့ နှစ်သက် သာယာတယ်၊ နှစ်သက်သာယာပြီးတော့ စွဲလမ်း နေတယ်၊ စွဲလမ်းတဲ့အတွက် ကိုယ်ချမ်းသာရေးရအောင် ကိုယ်တိုင် အားထုတ်ပြုလုပ်ကြ၊ ပြုလုပ်ကြတော့ အကုသိုလ်ကံတွေ ကုသိုလ်ကံတွေရှိ၊ အဲဒီကံတွေက အကျိုးပေးပြီးတော့ ဘဝတွေ ထပ်ခါထပ်ခါ ဖြစ်နေကြရတယ်၊ ဖြစ်ရာဘဝမှာ အိုရ နာရ သေရတယ်။

ခုနကလဲ ပြောခဲ့ပါပြီ နိုင်ငံခြားသွားတဲ့ အခါကာလ နိုင်ငံခြားက ပဂိုလ်တွေ အဆင်ပြေပြီး ချမ်းသာ နေကြ တဲ့ ပဂိုလ်အများကြီးပါပဲ၊ သူဌေးတွေလဲ အများကြီး ပါပဲ၊ အဲဒီပဂိုလ်ဟာ ချမ်းသာနေတယ်ဆိုပေမဲ့ တနေ့ကျ သူတို့လဲ အိုရတာပဲ နာရတာပဲ၊ သေရတာပဲ၊ ဘယ်နှယ်မှ မတတ်နိုင်ဘူး၊ ဒီတဘဝထဲ မဟုတ်ဘူး၊ ဒီလိုဘဝတွေ့ရနေ

သမျှ အိုရ နာရ သေရမှာပဲ၊ ရွေးရွေးကလဲ ဘဝပေါင်း မရေတွက်နိုင်အောင် များလှပြီ၊ သူတို့နိဗ္ဗာန်ရဖို့ရာ တရား အားမထုတ်သေးပဲ နောင်လဲပဲ အကန့်အသတ်မရှိ ဘဝတွေ ရှည်ကြာပြီးတော့ အိုရ နာရ သေရတဲ့ ဆင်းရဲတွေ အများကြီးတွေ့ရ၊ အကုသိုလ်ကံ အကျိုးပေးတဲ့အခါ၊ အပါယ်လေးပါးကျပြီး ဆင်းရဲကြဦးမယ်၊ အဲဒါတွေမြင်တော့ သနားစရာ အင်မတန် ကောင်းပါတယ်၊ မြတ်စွာဘုရား ဟောတဲ့ တရားကိုကျကျ နန နာယူရပြီးတော့ တရားကျင့်ရဟာဟာ အင်မတန်ဝမ်းသာစရာ ကောင်းပါတယ်။

ဒီကနေ့ ဒီမှာ ဝိပဿနာ ဂန္ဓာရုံရိပ်သာသစ်ဆိုပြီး တော့ ဖွင့်တယ်၊ ဖွင့်တာလဲ တော်တော်ကြာနေပါပြီ၊ အခုဘုန်းကြီးတို့က ထပ်ပြီး အသိအမှတ်ပြုဘို့ရှိတာပဲ၊ အဲဒါမြတ်စွာဘုရား အလိုတော်ကျ တရားနည်းလမ်းမှန်တွေ အားထုတ်ကြဘို့ပဲ၊ အကြောင်းညီညွတ်တဲ့အခါ ဒီမှာလာအားထုတ်ကြရုံပါပဲ၊ အင်မတန်ကျေးဇူးများပြီး ဝမ်းသာစရာ ကောင်းပါတယ်၊ မြတ်စွာဘုရား တရားတော်တွေ အားထုတ်ကြဘို့ပါပဲ။

တကယ်တော့ ဒီလိုနှစ်သက်စရာ တွေကို အမှန်အတိုင်း မသိကြလို့ နှစ်သက်သာယာ နေတာပဲ၊ နှစ်သက်သာယာ

စရာ အမှန်အတိုင်း သိတယ်ဆိုတာကတော့ ရုပ်နှင့်နာမ်မျှပဲ၊ ဒီ ရုပ်နာမ် တွေဟာ ခဏမစဲ ဖြစ်ပျက်နေတာပဲ၊ အနိစ္စ ဒုက္ခ အနတ္တတရားတွေပဲ ဆိုတာ သိရတယ်၊ သိရင်ဘာ မျှ နှစ်သက်သာယာစရာ မရှိပါဘူး။

မသိယင်တော့ နှစ်သက်သာယာမှုတွေ ရှိနေမှာပဲ၊ အမြဲ တည်ရှိနေတယ်လို့လဲ ထင်မှာပဲ၊ ဒီလိုထင်ယင် အဲဒါသာယာ စဲလမ်းနေတာပဲ။

ဥပမာအားဖြင့် ပစ္စည်းရှိတဲ့ ပုဂ္ဂိုလ် တယောက်ဟာ ရှေ့တွေ့ ငွေတွေ့ အဖိုးတန်ရတနာတွေ့ကို တနေရာမှာ သိမ်း ထား မြုပ်ထားတယ်ဆိုပါတော့ အဲဒါတွေ့ အာရုံပြုပြီးတော့ သူ့မှာ ဝမ်းမြောက် ဝမ်းသာမှုတွေ့ ဖြစ်နေတယ်၊ ရှေ့တွေ့က ဘယ်လောက်ရှိတယ်၊ ငွေတွေ့က ဘယ်လောက် ရှိတယ်၊ အသုံးအဆောင်တွေ့က ဘယ်လောက်ရှိတယ်ဆိုတာ အာရုံ ပြုပြီး ဝမ်းသာတက်ကြွနေတော့တာပဲ၊ အကယ်၍ အဲဒီ မြုပ်ထားတဲ့ပစ္စည်းတွေ့ကို တစုံတယောက်သောသူက တခိုန် မှာ တိတ်တိတ် ခိုးယူသွားတယ်၊ ဒီလို ခိုးယူသွားပေမယ်လို့ သူ့ပစ္စည်းတွေ့ပျောက်မှန်း တကယ်မသိသေးယင် ရှိတယ်လို့ ထင်နေတာပဲ၊ ရှိတယ်လို့ထင်ပြီး "ငါ့မှာ ရှေ့က်ကက ဘယ် လောက်ရှိတယ်၊ ငွေတွေ့က ဘယ်လောက်ရှိတယ်၊ သုံးဆောင်

စရာ ပစ္စည်းတွေက ဘယ်လောက်ရှိတယ်”ဆိုပြီး အဲဒီလို စဉ်းစား နှစ်သက် သာယာမှုတွေ ရှိနေတာပဲ၊တချိန်ကျတော့ သူ့ပစ္စည်းတွေ သွားကြည့်ပြီး ပစ္စည်းတွေ မရှိတော့ဘူးဆိုတာ သိရလို့ရှိယင် အဲဒီအခါကျတော့ “ငါ့မှာ ရွှေတွေက ဘယ်လောက်ရှိ၊ ငွေတွေက ဘယ်လောက်ရှိ၊ ဘယ်နားမှာ ထားတယ်”ဆိုပြီး အာရုံပြုပြီးတော့ ဝမ်းမြောက် ဝမ်းသာမှုကို မဖြစ်စေနိုင်တော့ဘူး၊ ဘာပြုလို့လဲဆိုတော့ အဲဒီပစ္စည်းတွေက ရှိမှ မရှိတော့ပဲ၊ မရှိတာလဲ တကယ်အမှန်အတိုင်း သိတယ်၊ နှစ်သက်သာယာမှုလဲ မဖြစ်တော့ဘူး။

အဲဒါလိုပဲ စောစောပိုင်းက တရားအားထုတ်မှုမရှိကြတဲ့ ပုဂ္ဂိုလ်တွေက မြင်တိုင်း ကြားတိုင်း အနံ့နံတိုင်း အရသာစားသိတိုင်း ကိုယ်က တွေ့ထိတိုင်း ကြုံစည်စိတ်ကူးစဉ်းစားတိုင်း ဒုံရဏခြောက်ပါးမှာ အထင်အရှား တွေ့နေရတယ်၊ ဒီတရားတွေက အမြဲတမ်း တည်ရှိနေတယ်လို့ ထင်တယ်၊ မြဲနေတယ် ချမ်းသာနေတယ်၊ ကောင်းနေတယ်၊ ဒီလို ထင်နေတယ်၊ ပုဂ္ဂိုလ်သတ္တဝါ အသက်ရှင်နေတဲ့ ငါကောင်ပဲလို့ ဒီလို ထင်နေတယ်၊ ဒါဟာ ဝိပဿနာမရှုမှတ်လို့ မြင်တိုင်း ကြားတိုင်း စသည် ဒုံရဏခြောက်ပါးမှာ ထင်ရှိနေကြတာပဲ။

ဝိပဿနာရှုမှတ်ယင် သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပျက်သွားတယ်ဆိုတာ တွေ့ရတယ်၊ မမြဲဆိုတာလဲ ကိုယ်တိုင်ဉာဏ်နဲ့သိရတယ်၊ မမြဲဘူးဆိုတာ သိရယင် ဆင်းရဲမှုတွေလဲ သိရတယ်၊ ဆင်းရဲမှု သိလို့ရှိယင် ပုဂ္ဂိုလ်သတ္တဝါ အစိုးမရတဲ့အနတ္တဆိုတာ ဒီလို သိရတယ်၊ အဲဒီလို သိလို့ရှိယင် နှစ်သက်သာယာမှုဆိုတာ ဘယ်ရှိတော့မလဲ။

ဥပမာအားဖြင့် မိမိတို့ရဲ့ သားသမီးတွေပဲဖြစ်ဖြစ်၊ ခင်မင်ချစ်ကျွမ်းဝင်တဲ့ ပုဂ္ဂိုလ်တွေ၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အသက်ရှင်လျက် ရှိနေတယ်၊ ဘယ်အရပ် ဘယ်နေရာမှာ ဘယ်အလုပ်လုပ်နေတယ်၊ ကြီးပွားနေတယ်၊ ချမ်းသာနေတယ်ဆိုယင်ဖြင့် အဲဒါ နှစ်သက်သာယာမှု ခင်မင်မှု တွယ်တာမှုတွေ ရှိတာပဲ၊ အဲဒီ ပုဂ္ဂိုလ်က တခြားတပါးမှာ မရှိတော့ဘူး ဆိုပေမယ်လို့ ရှိတယ်ထင်နေယင် နှစ်သက်သာယာမှုတွေ ရှိနေသေးတာပဲ၊ အဲဒီနောက် ဒီပုဂ္ဂိုလ်တွေက မရှိတော့ဘူးလို့ ကြားတဲ့အခါ ကာလကျတော့ နှစ်သက်သာယာမှု ဘယ်ဖြစ်တော့မလဲ၊ ဘာကြောင့်လဲဆိုတော့ အဲဒီပုဂ္ဂိုလ်တွေက အဲဒီအရပ်မှာ ရှိမှ မရှိတော့ပါ။

အဲဒါလိုပဲ ဝိပဿနာရှုဆဲရုပ်နာမ်တွေရဲ့ အဖြစ်အပျက်ကို တွေ့မြင်လို့ရှိယင် အနိစ္စ ဒုက္ခ အနတ္တတွေ အမှန်အတိုင်းသိ

တော့ နှစ်သက်သာယာမှု မရှိတော့ဘူး၊ စွဲလမ်းမှု မရှိတော့ဘူး၊ နှစ်သက်စွဲလမ်းမှုမရှိတော့ ပြုလုပ်အားထုတ်မှု မရှိဘူး၊ အားထုတ်မှုဆိုတာ ကံပဲ၊ အကုသိုလ်ကံ ကုသိုလ်ကံ မရှိဘူး၊ အဲဒီကံမရှိတော့ အကျိုးပေးတာဟာ မပေးနိုင်တော့ဘူးပေါ့။ အကျိုးပေးတဲ့ဘဝတွေ့ မရှိဘူး၊ ဘဝသစ်ရယ်လို့လဲ မဖြစ်ဘူး၊ မဖြစ်ယင် မအိုရ မနာရ မသေရဘူး၊ ဆင်းရဲခပ်သိမ်းအားလုံး ငြိမ်းတယ်၊ အဲဒီလို ငြိမ်းအောင်လို့ မြတ်စွာဘုရား အလောင်းတော်ဟာ ကိုယ်တိုင် တောထွက်ပြီးတော့ ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်တွေ့ကို ရှုနေပါတယ်၊ အဲဒါနောက်ဆုံးတရားစစ် တရားမှန်ကို ရှာတော်မူပုံပဲ၊ ရှေပိုင်းကလဲ ဒီပြင်နည်းတွေ့ အမျှားကြီးရှိပါသေးတယ်။

ဘုရားဖြစ်အောင် ကျင့်ခဲ့ပုံ

နောက်ဆုံး ဘုရားဖြစ်မဲ့အချိန် ကဆုန်လပြည့်နေ့ သန်းခေါင်ယာမ်ကျော်လွန်ပြီးတော့ လင်းခါနီး အရုဏ်တက်ခါနီး အရုဏ်တက်မဲ့အချိန်ကျတော့ ဘုရားဖြစ်ခါနီး ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို ရှုမှတ်နေပါတယ်၊ အတိုချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာဆိုတာ ရုပ်နာမ်တွေ့ပါပဲ၊ မြင်တိုင်း ကြားတိုင်း စသည် ထင်ရှားတဲ့ရုပ်နာမ်တွေ့ပဲ၊ အဲဒါတွေ့ရဲ့ အဖြစ်အပျက်ကို ရှုတယ်ဆိုတာလဲ ဒီတရားတွေ့ ဖြစ်ဘိုင်း

ဖြစ်တိုင်း ရှုမှတ်ပြီး သိလာတယ်၊ စာထဲ ပေထဲက ဖြစ်တယ် ပျက်တယ် ဖြစ်တယ် ပျက်တယ်လို့ ဒီလို ဆင်ခြင်နေရုံနဲ့လဲ မဟုတ်ဘူး၊ တကယ်ဖြစ်တာကို ဖြစ်တဲ့အခွင့်တိုင်း ပျက်တာကို ပျက်တဲ့အတိုင်း ပေါ်တာလို့က်ရှုပြီး သိတဲ့အသိမျိုး ဆိုလို တာပဲ။

ဒါပေမယ်လို့ ရှုခါစတော့ မသိသေးဘူး၊ ရှုခါစတော့ သဘောတရားအမှန်ကို သဘောတရားအမှန်အတိုင်း အကြမ်း ဖျင်းလောက်ပဲ သိတယ်။

သမာဓိအားကောင်းလာတဲ့အခါကျတော့ အဲဒီလို ရှုနေ ယင်းနဲ့ ပေါ်ပြီးပျောက် ပေါ်ပြီးပျောက်သွားတယ်၊ ဘယ် ဟာမှ မြဲနေတာ တည်နေတာမရှိဘူး၊ အဲဒါတွေပဲ တွေ့ရ တယ်။

အဲဒီလို တွေ့ရအောင်လို့ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အဖြစ်အပျက်ကို ရှုနေပါတယ်၊ အဲဒီလို ရှုနေယင်း ဘုရား အလောင်းတော်ရဲ့စိတ်ဟာ ကိလေသာ အနှောင်အဖွဲတွေမှ လွတ်မြောက်သွားပြီ။

လွတ်မြောက်သွားတယ်ဆိုတာ တခြားမဟုတ်ဘူး သော တာပတ္တိမဂ်ဖိုလ်ရောက်သွားတယ်၊ အဲဒီကဆက်ပြီး အားထုတ်

တော့ သကဒါဂါမိမဂ်ဖိုလ်ရောက်သွားတယ်၊ အဲဒီကဆက်ပြီး အားထုတ်တော့ အနာဂါမိမဂ်ဖိုလ်ရောက်သွားတယ်၊ အဲဒီက ဆက်ပြီးအားထုတ်တော့ အရဟတ္တမဂ်ဖိုလ်ရောက်ပြီး စိတ် တွေက ကိလေသာအညစ်အကြေးတွေ ကင်းစင်လွတ်မြောက် သွားပါတယ်၊ အဲဒီလိုဆိုယင် ကိလေသာမရှိတော့ဘူး မဖြစ် နိုင်တော့ဘူး၊ အဲဒါကြောင့်မို့ ကိလေသာ အနှောင်အဖွဲ့မှ စိတ်ဟာ လွတ်မြောက်သွားတယ်လို့ ဆိုရမယ်၊ သာမန်ပုဂ္ဂိုလ် တော့ ရဟန္တာဖြစ်တယ်လို့ ခေါ်ရတယ်၊ အဲဒီလို အရဟတ္တမဂ် ဖိုလ်ရောက် ရဟန္တာဖြစ်သွားတော့ ကိလေသာ မရှိတော့ဘူး မဖြစ်တော့ဘူး။

ဘုရားအလောင်းတော်မှာတော့ ပါရမီတွေ ပြည့်စုံပြီး သားမို့ အရဟတ္တမဂ်ဖိုလ်သို့ ရောက်တယ်ဆိုယင် ဘုရားဂုဏ် အင်္ဂါတွေနဲ့ အကုန်ပြည့်စုံသွားပါတယ်၊ အလုံးစုံသောတရား တွေကို သိသော သဗ္ဗညုတဉာဏ်တော်နဲ့ပြည့်စုံတယ်၊ ဒီပြင် ဣဒ္ဓိပါဒ်တွေနဲ့လဲ ပြည့်စုံလာတယ်၊ ဒါကြောင့် ဘုရားဖြစ် သွားပြီလို့ ဆိုရတယ်၊ ဘုရားဖြစ်သွားတယ်ဆိုတာ ပုံသဏ္ဌာန် ပြောင်းသွားတာ မဟုတ်ပါဘူး၊ သိသင့် သိထိုက်တဲ့တရားတွေ အကုန်သိသွားတာပါပဲ၊ ဒီလို ဘုရားဖြစ်သွားပြီး မြတ်စွာ ဘုရားက အတိုချုပ်ဟောတယ်။

တဿ ပဥ္စသု ဥပါဒါနက္ခန္ဓေသု ဥဒယဗ္ဗယာ-
နုပဿိနော ဝိဟရတော နု စိရဿေဝ အာသဝေဟိ
စိတ္တ ဝိမုစ္စ-

လို့ ဟောထားပါတယ်။

ပဥ္စသု၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါ-
နက္ခန္ဓာတို့၌။ ဝါ၊ ဥပါဒါန်၏ အာရုံဖြစ်သော ရုပ်နာမ်တို့၌။
ဥဒယဗ္ဗယာနုပဿိနော၊ဖြစ်ခြင်း ပျက်ခြင်းကို ရှုလျက်။ဝိဟ-
ရတော၊ နေသော။ တဿ၊ထိုဘုရားအလောင်းတော်၏။ စိတ်၊
စိတ်သည်။ နစိရဿေဝ၊ မကြာမြင့်မီသာလျှင်။ အာသဝေဟိ၊
အာသဝေါတရားလေးပါးတို့မှ။ ဝိမုစ္စိ၊ လွတ်မြောက်သွား
လေပြီ။

အဲဒါ ဥပါဒါနက္ခန္ဓာခေါ်တဲ့ ရုပ်နာမ်တရားတို့၏ အဖြစ်
အပျက်တရားကို ရှုမြင်ယင်း စိတ်ဟာ လွတ်မြောက်သွားပြီး
အရဟာတ္တမဂ် အရဟာတ္တဖိုလ်ရောက်တယ်လို့ ဆိုလိုတယ်၊ အရ-
ဟာတ္တမဂ်ဖိုလ်သို့ ရောက်သွားတော့ လောဘ ဒေါသစသော
နိဝရဏတရားတွေမှ လွတ်မြောက်သွားပါတယ်၊ လွတ်မြောက်
တယ်ဆိုတာဟာ ဘယ်လောက်များ ကြာသလဲဆိုတော့ နု
စိရဿေဝ၊ မကြာဘူးတဲ့ မကြာမြင့်မီ။ ဘယ်လောက်ကြာတယ်
ဆိုတာတော့ အတိအကျမသိရဘူး၊ တနာရီအတွင်းလောက်

အခါန်အတွင်းဖြစ်မှာပဲ ညဉ့်ဦးယာမ်ဆိုတာက နေဝင်ချိန်က စပြီးတော့ ဆယ်နာရီလောက်အထိ၊သန်းခေါင်ယာမ်ဆိုတာက (၁၀)နာရီကနေ နံနက်(၂)နာရီလောက်အထိ၊အဲဒီအခါန်မှာ ဝိပဿနာတရားအားမထုတ်ရသေးဘူး၊အဲဒီကနောက်မှ နံနက် (၂)နာရီက ကျော်လွန်ပြီး နံနက်မလင်းခင် အရုဏ်တက်ချိန် အဲဒီအတွင်းမှာ ဥပါဒါနက္ခန္ဓာ ငါးပါးတွေ့ရဲ့ ဖြစ်ပျက်တွေ့ရှုပြီးတော့ ဘုရားဖြစ်သွားတယ်၊ အဲဒါက ဘုရားဖြစ်တော်မူပုံပဲ။

ဘုရားဖြစ်ပြီးတဲ့အခါကာလ မြတ်စွာဘုရားဟာ အဲဒီတရားကို သတ္တဝါတွေ့လဲ သိရအောင်ဟောတာပဲ၊ မိမိဟောတဲ့အတိုင်း လိုက်နာပြီးကျင့်ကြ၊ ဝေနေယျသတ္တဝါတွေ့ ကျတ်ထိုက်တဲ့ပုဂ္ဂိုလ်ဒေတွ့ ဘုရားဟောတော်မူတဲ့အတိုင်း သိပြီးတော့ ကျင့်ပြီးတော့ ကိလေသာတွေ့ကို လွတ်မြောက်အောင် အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်အောင် မြတ်စွာဘုရားက ဒီတရားကို ဟောတာပါ။

အလယ်လမ်း အကျင့်မှန်

ဓမ္မစကြာမှာတော့ ဟောထားတာ ရှိပါတယ်၊ ဘုန်းကြီးကတော့ အတိုချုပ်ပြောရမယ်၊ မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်

အလတ်လမ်းမှန်အကျင့်ကို ငါဘုရားတွေ့ထားပြီ၊ ဘာတုံးဆိုတော့ မဂ္ဂင်၈ပါးတရားဆိုတာ ခုနက ရုပ်နာမ်တရားတွေရဲ့ အဖြစ်အပျက်ကို ရှုယင်း ဖြစ်နေတဲ့ ဝိပဿနာတရားပဲ။

ရှုယင်း ရှုယင်း ရှုဖို့ရာ ရှုမိအောင် မှတ်မိအောင်အားထုတ်နေရတာ သမ္မာဝါယာမခေါ်တယ်။

မှတ်ရတာ မှတ်နေတာက-သမ္မာသတိခေါ်တယ်။

မှတ်ရတဲ့ အာရုံစိတ် တည်နေတာ-သမ္မာသမာဓိ ခေါ်တယ်။

သမ္မာဝါယာမ-သမ္မာသတိ-သမ္မာသမာဓိ၊ ဒီမဂ္ဂင်သုံးပါးက သမာဓိမဂ္ဂင်။

မှတ်မိတိုင်း မှတ်မိတိုင်း အမှန်သိတာက-သမ္မာဒိဋ္ဌိ။

အမှန်သိရအောင် စိတ်ညွှတ်ပေးတာက - သမ္မာသင်္ကပ္ပ။ ဒီ မဂ္ဂင်(၂)ပါးက ပညာမဂ္ဂင်။

သမာဓိမဂ္ဂင်(၃)ပါးနှင့် ပညာမဂ္ဂင်(၂)ပါး ပေါင်းလိုက်တော့ မဂ္ဂင်(၅)ပါးဖြစ်တယ်၊ အဲဒီမဂ္ဂင်(၅)ပါးက ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဖြစ်နေတယ်၊ ဒီမဂ္ဂင်(၅)ပါးကို ကာရကမဂ္ဂင်၊ အလုပ်သမားမဂ္ဂင်လို့ အဋ္ဌကထာမှာ ဆိုထားပါတယ်။

ဥပမာ အလုပ်တခုဟာ လူငါးယောက် စုပေါင်းပြီး အလုပ်လုပ်ရသလိုပဲ၊ဒီမဂ္ဂင် (၅)ပါးက အညီအညွတ် ဝိပဿနာ အားထုတ်တဲ့ ယောဂီဟာ ပြည့်စုံရတယ်၊ ယခု ယောဂီ ပဂ္ဂိုလ်တွေလဲ ပေါ်လာသမျှ ရုပ်နာမ်တွေကို ရှုမှတ်တိုင်း ရှုမှတ်တိုင်းဟာ ဒီမဂ္ဂင်တရားတွေကို ရှုပွားနေတာပဲ၊ မဇ္ဈိမ ပဋိပဒါလမ်းပဲ၊ မြတ်စွာဘုရားကိုယ်တိုင် ကျင့်ထားတဲ့လမ်းပဲ။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ခေါ်တဲ့ သီလ မဂ္ဂင်တွေကတော့ မူလ သီလဆောက်တည် ခံယူစဉ်တုန်းကပဲ ပြည့်စုံလာခဲ့ပါတယ်၊ တရားအားထုတ်နေတဲ့အခါလဲ သူက မပျက်ပါဘူး၊ ပြည့်စုံမြဲ ပြည့်စုံနေတာပါပဲ။

အဲဒီတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း သီလမဂ္ဂင် (၃)ပါး နှင့်ဆိုလျှင် မဂ္ဂင်ရှစ်ပါး၊ မဇ္ဈိမပဋိပဒါအကျင့်လမ်းစဉ်ပဲ့။

ဥပါဒါနက္ခန္ဓာဆိုတဲ့ ရုပ်နာမ်တွေရဲ့ အဖြစ် အပျက်ကို ရှုမှတ်တိုင်း ရှုမှတ်တိုင်း မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်လမ်း မှန်တွေဖြစ်နေတာ မဂ္ဂင်ရှစ်ပါးတရားတွေ ဖြစ်နေတာ၊အဲဒီလို ဖြစ်လို့ရှိယင် မဂ္ဂင်ရှစ်ပါးတရားတွေ ဖြစ်ပွားနေတာပဲ။

ဘာတွေဖြစ်ပွားနေသလဲဆိုတော့ စက္ခုကရုဏီ၊ ပညာ မျက်စိကို ပြုတတ်သည်တဲ့။ အသိဉာဏ်တွေကို မျက်စိ၌ တင်

စားပြီး မြတ်စွာဘုရား ဟောတော်မူတယ်၊ အခုလက်နဲ့ ကိုင်ပြီးတော့ မျက်စိနဲ့ကြည့်ရတဲ့ ဝတ္ထုပစ္စည်းဆိုယင် အင်မတန် ထင်ထင်ရှားရှား သိတာပေါ့၊ အဲဒီလိုပဲ သိသင့်သိထိုက်တဲ့ ရုပ်နာမ်တရားတွေ အဖြစ်အပျက်တွေ အနိစ္စ ဒုက္ခ အနတ္တတွေ လက်နဲ့ကိုင်ကြည့်သလို သေသေချာချာ သိလာတယ်၊ မျက်စိနဲ့မြင်သလို သေသေချာချာ သိလာတယ်၊ ဒါ့ကြောင့်မို့ အဲဒီ အသိဉာဏ်ကို စက္ခုကရဏီ-ပညာမျက်စိကို တင်စားပြီး မြတ်စွာဘုရားကဟောထားပါတယ်၊ဒါ့ကြောင့်မို့ အဲဒီ ပညာမျက်စိဟာ ဘာကြောင့်ဖြစ်တယ်ဆိုယင် မဇ္ဈိမပဋိပဒါခေါ်တဲ့ မဂ္ဂင်ရှစ်ပါးက ပြုပေးတာ၊ မဂ္ဂင်ရှစ်ပါးကြောင့် ဖြစ်လာတာပဲ။

သတိတရားတမျိုးထဲပဲ

အခု ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်လဲ ဒီအတိုင်းပဲ၊ ရှုမှတ်တိုင်း ရှုမှတ်တိုင်း မဂ္ဂင်ရှစ်ပါးတရားတွေ ဖြစ်နေတယ်၊ အဲဒီ မဂ္ဂင်ရှစ်ပါးတရားတွေ အားကောင်းလာတဲ့အခါ ရုပ်နှင့် နာမ်ကို ခွဲခြားသိတယ်၊ အကြောင်းအကျိုးကိုလဲ ခွဲခြားသိတယ်၊ အနိစ္စ ဒုက္ခ အနတ္တကို ပိုင်းခြားသိတယ်၊ အဲဒီ ဝိပဿနာတရားများ ပြည့်စုံတဲ့အခါ ရုပ်နာမ် သင်္ခါရတို့ချုပ်ငြိမ်းတဲ့

နိဗ္ဗာန်ကိုလဲ တွေ့ပြီလို့ သိရတယ်၊ အဲဒါ စက္ခုကရဏီ-ပညာမျက်စိကို ဖြစ်စေတာပဲ။

အဲဒီ ပညာမျက်စိဖြစ်အောင်လို့ ဥပါဒါနက္ခန္ဓာဟုခေါ်သော ရုပ်နာမ်တွေရဲ့ အဖြစ်အပျက်ကို ရှုရတယ်။

အခု ဘုန်းကြီးတို့ ညွှန်ကြားတာ ဒီအတိုင်းပါပဲ၊ အဲဒါတွေ ရှုမှတ်ရန်အတွက် မြတ်စွာဘုရား သတိပဋ္ဌာန်တရားလေးပါးဆိုတာ ဟောထားပါတယ်၊ သတိပဋ္ဌာန် လေးပါးဆိုပေမယ့်လို့ ပေါင်းလိုက်ယင် သတိတရားတမျိုးထဲပါပဲ။

စိတ်ညစ်ကင်းတယ်

အဲဒီ သတိပဋ္ဌာန်တရား လေးပါးဟာ—

ကောယနော မဂ္ဂေါ-တခုတည်းသော လမ်းပဲ၊ တကြောင်းတည်းသော လမ်းပဲ၊ အဲဒါက ဘယ်ကို သွားဖို့လဲဆိုတော့-သတ္တဝါနံ ဝိသုဒ္ဓိယာ၊ သတ္တဝါနံ၊ အလုံးစုံသော သတ္တဝါအပေါင်းတို့၏။ ဝိသုဒ္ဓိယာ၊ စိတ်အညစ်အကြေးမှ ကင်းဝေး စင်ကြယ်ခြင်းငှါ။ ကောယနောမဂ္ဂေါ၊ တခု တည်းသော လမ်း၊ တကြောင်းတည်းသော လမ်းပေတည်း။

သတ္တဝါတွေ ကိလေသာ အစိတ် အညစ် အကြေးတွေ ကင်းဝေးစေလိုတယ်၊ သတ္တဝါတွေ သန္တာန်မှာ လောဘ ဒေါသ မောဟ စသော ကိလေသာတွေ ရှိနေသမျှကာလ ပတ်လုံး ဘဝတွေရပြီး ဖြစ်ပြီး အိုရ နာရ သေရတဲ့ဆင်းရဲတွေ တွေ့မယ်၊ အကုသိုလ်ကံက အကျိုးပေးတဲ့အခါ အပါယ် လေးပါးရောက်ပြီးတော့ ဆင်းရဲတွေ တွေ့မယ်၊ အဲဒီတော့ ဒီဆင်းရဲတွေ တွေ့ကြုံခံစားပြီး နေရတာ ဘာကြောင့်လဲဆိုလို့ ရှိယင် ကိလေသာတွေ ရှိနေလို့ပဲ၊ ကိလေသာတွေ ရှိနေယင် ဘဝသစ်တွေ ဖြစ်နေမှာပဲ။

အဲဒီ ကိလေသာတွေ စင်ကြယ်ဘို့က အရေးကြီးတယ်၊ ကိလေသာစင်ကြယ်လို့ရှိယင် ကိလေသာ မရှိတော့ဘူးဆိုယင် အဲဒီလို ဘဝသစ်တွေ မရှိတော့ဘူး၊ ဘဝမရှိတော့ မအိုရ မနာရ မသေရ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းမယ်။

အဲဒီတော့ သတ္တဝါတွေမှာ ကိလေသာကင်းရှင်းပြီး စင်ကြယ်ဘို့ရာကလဲ ဒီ သတိပဋ္ဌာန်လမ်း တလမ်းထဲရှိတာ၊ ဒီပြင်လမ်း မရှိဘူး၊ အဲဒီတော့ ဆင်းရဲကင်းချင်ယင် ကိလေသာတွေ ငြိမ်းအောင်လုပ်ရမယ်၊ ကိလေသာတွေ ငြိမ်းချင်ယင် သတိပဋ္ဌာန်တရား အားထုတ်မှ ဒီပြင်နည်းလမ်း မရှိတော့ဘူး၊ အဲဒီလို ဟောတယ်၊ အဲဒါတွေကို ဘုန်းကြီးက

ဆောင်ပုဒ်လက်ဝဲကလေး စီထားပါတယ်၊ ဆောင်ပုဒ် လိုက်ဆိုကြရမယ်။

(၁) စိတ်အညစ်အကြေးကို ကင်းစေလို၊ ဘယ်လမ်းစဉ်ကို လိုက်ရမယ်။

(၂) စိတ်အညစ်ကြေးကို ကင်းစေလို၊ သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ရမယ်။

(သုံးခေါက်ဆို)

စိတ်အညစ်ကြေးကင်းစေချင်ယင် တခြားလမ်း မရှိဘူး၊ ဒီ သတိပဋ္ဌာန်တလမ်းထဲပဲ ရှိတယ်၊ သတိပဋ္ဌာန်လမ်းလိုက်မှ စိတ်အညစ်အကြေးကင်းတာ၊ ဝိမုစ္စိ-ကိလေသာမှ လွတ်မြောက်သွားပြီ ဆိုတဲ့အတိုင်း ဘုရားလောင်းလဲ ဘုရားဖြစ်တယ်၊ သာဝကပုဂ္ဂိုလ်တွေလဲ နောက်ဆုံး ရဟန္တာ ဖြစ်တယ်၊ အဲဒီလို အကျိုးတွေကို ရပါတယ်၊ ကိလေသာတွေ ကင်းစင်သွားပါတယ်၊ ကိလေသာကင်းစင်သွားယင် ဘဝသစ် ရုပ်နာမ်ခန္ဓာတွေ မရှိတော့ဘူး၊ ဘဝသစ်ရုပ်နာမ် မရှိတော့ မအိုရ မနာရ မသေရတော့ဘူး၊ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းတယ်၊ အဲဒါကြောင့် စိတ်အညစ်အကြေးကို ကင်းစင်ဖို့ရာ လိုတယ်၊ ဘယ်နည်းနှင့် ကျင့်မလဲ သတိပဋ္ဌာန် တရားနည်းနဲ့ ကျင့်ရမယ်။

၁။ စိတ်ညစ်ကြေးကို ကင်းစေလို၊ ဘယ်လမ်းစဉ်ကို လိုက်ရမယ်။

၂။ စိတ်ညစ်ကြေးကို ကင်းစေလို၊ သတိပဋ္ဌာန်လမ်း စဉ်ကို လိုက်ရမယ်။

အဲဒါ အစဆုံးတရားပဲ ကုန်လောက်ပါပြီ။

စိုးရိမ်ပူဆွေး ငိုကြွေးကင်းတယ်

သောကပရိဒေဝါနံ၊ စိုးရိမ်ပူဆွေးရခြင်း၊ငိုကြွေး ရခြင်းတို့ကို။ သမတိက္ကမာယ၊လွန်မြောက်ခြင်းငှါ။ ကောယနောမဂ္ဂေါ၊ တခု တည်းသော လမ်း၊ တကြောင်းတည်းသော လမ်းပေတည်း။

စိုးရိမ်မှု ပူဆွေးမှု ငိုကြွေးမှုတွေကို လွန်မြောက်ချင်ယင် ဒီ သတိပဋ္ဌာန်တလမ်းထဲပဲ ရှိတယ်၊ စိုးရိမ်မှုတွေ ပူဆွေးမှု တွေ ကင်းယင် ကောင်းတာပေါ့၊ ငိုကြွေးမှုတွေ ကင်းယင် တော့ ကောင်းတာပေါ့။ အဲဒီလို ကင်းအောင် သတိပဋ္ဌာန် လမ်းကို လိုက်ရမယ်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ကင်းဖို့ကလဲ ဒီ တလမ်းပဲ။

ကိုယ်စိတ်ဆင်းရဲကင်းတယ်

ဒုက္ခဒေါမနဿာနံ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းမှုတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ငြိမ်း ကွယ်ပျောက်ခြင်းငှါ။ ကောယနောမဂ္ဂေါ၊ တခု တည်းသော လမ်း၊ တကြောင်းတည်းသော လမ်းပေတည်း။

ကိုယ်ဆင်းရဲ စိတ်ဆင်းရဲငြိမ်းဖို့ရာ ဒီတလမ်းထဲရှိတယ်၊ လောကမှာ သတ္တဝါတွေ ဆင်းရဲဒုက္ခရောက်နေတယ်ဆိုတာ ဒီကိုယ်ဆင်းရဲနဲ့ စိတ်ဆင်းရဲ နှစ်ခုပဲ၊ ကိုယ်ထဲက အခံခက်ပြီး ဆင်းရဲတာတွေဟာ ကိုယ်ဆင်းရဲ၊ စိတ်ထဲမှာ စိတ်မချမ်းမသာဖြစ်ပြီး ဆင်းရဲတာတွေဟာ စိတ်ဆင်းရဲ၊ ဒီဆင်းရဲနှစ်ခုကို ရှုမှတ်လိုက်ယင် ဆင်းရဲတာ မရှိတော့ဘူး၊ ဆင်းရဲတွေပျောက်သွားတယ်၊ ဒါဝိပဿနာရင့်လာတယ်လို့ ဆိုရမှာပဲ၊ ကိုယ်ထဲမှာ ညောင်းညာပူပင် နာကျင်ကိုက်ခဲတာတွေ စတဲ့ အခံခက်တဲ့ ဆင်းရဲတွေ မရှိဘူး၊ စိတ်ထဲမှာ စိတ်ညစ်တာ စိတ်ပျက်တာတွေလဲ မရှိဘူး၊ ဒါတွေမရှိယင် ကောင်းတာပဲ၊ မဖြစ်ယင် ကောင်းတာပဲ၊ ဒါပေမယ်လို့ အဲဒီ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ကင်းဖို့ကလဲ တခြားလမ်း မရှိဘူး၊ သတိပဋ္ဌာန်လမ်း ရှိတယ် သတိပဋ္ဌာန်လမ်း ကျင့်ရမယ်။

လောကမှာတော့ ကိုယ်ဆင်းရဲကင်းအောင်လို့ ဆေးတွေ ဘာတွေ သောက်ရ လိမ်းရ ဆေးထိုးရဆိုတာတွေရှိပါတယ်၊ ဒါပေမဲ့ အကြောင်းညီညွတ်ယင် ခေတ္တခဏလောက် သက် သာရာရတာပါပဲ၊ နောက်ကျ ကိုယ်ဆင်းရဲတွေက ပေါ်လာ သေးတာပဲ။

အခု သတိပဋ္ဌာန်လမ်းစဉ်အတိုင်း ကျင့်ပြီး အရဟာတ္တမဂ် အရဟာတ္တဖိုလ်ရောက်သွားယင်တော့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ တွေ ဘာမှ မဖြစ်တော့ဘူး တခါထဲငြိမ်းတယ်၊ ဒါကြောင့်—

ကိုယ်ဆင်းရဲကို ငြိမ်းစေလို၊ ဘယ် လမ်းစဉ်ကို လိုက်ရမယ်။

စိတ်ဆင်းရဲကို ငြိမ်းစေလို၊ ဘယ်လမ်းစဉ်ကို လိုက်ရမယ်။

ကိုယ်ဆင်းရဲကို ကင်းစေလို၊ သတိပဋ္ဌာန် လမ်းစဉ်ကို လိုက်ရမယ်။

စိတ်ဆင်းရဲကို ငြိမ်းစေလို၊ သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ရမယ်။

မင်္ဂလာ နိဗ္ဗာန် ရတယ်

ဉာဏသာအဓိကမာယ၊ အရိယာမင်္ဂကို ရခြင်းငှါ။ နိဗ္ဗာနသာသစ္ဆိကိရိယာယ၊ နိဗ္ဗာန်မျက်မှောက်ပြုခြင်းငှါ။ ကောယနောမဂ္ဂေါ်တခု တည်းသော လမ်း၊ တကြောင်းတည်းသော လမ်းပေတည်း။

အရိယာမင်္ဂရဖို့ မင်္ဂလေးပါးရဖို့ ဒီတလမ်းပဲ ရှိတယ်၊ မင်္ဂလေးပါးရယင် ဖိုလ်လေးပါးလဲ ရတာပါပဲ။

မင်္ဂဖိုလ်ရဖို့ရာ ဒီတလမ်းထဲပဲ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရာလဲ ဒီတလမ်းထဲပဲ၊ နိဗ္ဗာန်ရောက်ချင်ယင် ဒီလမ်းပဲကျင့်သတိပဋ္ဌာန်လမ်းပဲ ရှိတယ်။

ကုသိုလ်ကောင်းမှုတွေ လှူတိုင်း လှူတိုင်း ဗုဒ္ဓဘာသာဝင်တွေ မင်္ဂ ဖိုလ် နိဗ္ဗာန် ရောက်ရပါလို့၏လို့ ဆုတောင်းနေကြတယ်၊ အဲဒီလို ဆုတောင်းတာနဲ့တော့ ချက်ခြင်း မရဟာဘူး၊ အဲဒီ ကုသိုလ်ကောင်းမှုက နောက်အခါ အကျိုးပေးယင် ယခုဘဝမျိုးလိုပါပဲ၊ မင်္ဂဖိုလ်နိဗ္ဗာန်ရနိုင်တဲ့ ဘဝရောက်မယ်၊ မြတ်စွာဘုရားတရားတွေကို နာရမယ်၊ နာပြီး ကျင့်လို့ရှိယင် မင်္ဂ ဖိုလ် နိဗ္ဗာန် ရမယ်၊ မကျင့်ယင် မရဘူး၊ ယခု လူဖြစ်ပြီး

နေရတာလဲ ရှေးက ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကြောင့်ပဲ၊ မင်္ဂဖိုလ်နိဗ္ဗာန် ရပါလို၏ဟု ဆုတောင်းခဲ့လို့ မြတ်စွာဘုရားရဲ့ သာသနာတော်အတွင်း လူဖြစ်လာရတယ်၊ ဝိပဿနာတရားတွေ ကြားရ နာရတယ်၊ သဒ္ဓါတရားတွေလဲရှိပြီး ပြည့်စုံလာတယ်၊ သဒ္ဓါတရားပြည့်စုံတဲ့အတိုင်း စိတ်ဆန္ဒတွေ ထက်သန်ပြီး အားထုတ်မယ်ဆိုယင် မင်္ဂဖိုလ်နိဗ္ဗာန် ယခုဘဝ ရနိုင်ရောက်နိုင်တယ်။

စောစောက မရတောင် သေခါနီးကာလမှာ ရနိုင်တယ်၊ သေပြီးနောက် နတ်ဖြစ်ဖို့သေချာပါတယ်၊ ကုသိုလ်ကောင်းမှုရှင်တွေ နတ်ပြည်လောက ရောက်သွားလို့ရှိယင် အားထုတ်လက်စတရား သတိရလာတာနဲ့ ပြန်ပြီးတော့ စဉ်းစားဆင်ခြင်နှလုံးသွင်းယင် တခဏလေးအတွင်းမှာပဲ တရားထူးတွေ ရသွားနိုင်ပါတယ်၊ အဲဒီတရားထူးတွေနဲ့သာ ပြည့်စုံလို့ရှိယင် ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းတာပဲ၊ အဲဒါကြောင့်—

မင်္ဂဖိုလ်နိဗ္ဗာန် ရရောက်ရန်၊ ဘယ်လမ်းမှန်ကို လိုက်ရမယ်။

မင်္ဂဖိုလ်နိဗ္ဗာန် ရရောက်ရန်၊ သတိပဋ္ဌာန်လမ်းမှန်ကို လိုက်ရမယ်။

ဒီလို ဆောင်ပုဒ် စီထားတယ်၊ လိုက်ဆိုကြ။

မင်္ဂိုလ်နိဗ္ဗာန် ရရောက်ရန်၊ ဘယ်လမ်းမှန်ကို လိုက်ရမယ်။

မင်္ဂိုလ်နိဗ္ဗာန် ရရောက်ရန်၊ သတိပဋ္ဌာန်လမ်းမှန်ကို လိုက်ရမယ်။

အခု ဘုန်းကြီးတို့ ညွှန်ကြားထားတာ ဒီ သတိပဋ္ဌာန် လမ်းပဲ၊ ဘုန်းကြီးတို့ နည်းနီသယအတိုင်း အားထုတ်နေကြတာလဲ ဒီ သတိပဋ္ဌာန်ပဲ၊ မြတ်စွာဘုရားဟောတာလဲ ဒီ သတိပဋ္ဌာန်တလမ်းထဲပဲ ရှိတယ်၊ မင်္ဂလေးပါး ဖိုလ်လေးပါးရဖို့ ဒီ တလမ်းထဲပဲ၊ နိဗ္ဗာန်မျက်မှောက်ပြုဖို့လဲ ဒီ တလမ်းထဲပဲ။

ကျင့်ဖို့ ဝိပဿနာဂန္ဓာရုံရိပ်သာ ဖွင့်တယ်

အဲဒီတော့တဲ့ တရားလမ်းမှန်တွေ ကျင့်ကြဖို့ ဒီမှာ ဝိပဿနာဂန္ဓာရုံရိပ်သာ ဖွင့်ထားတယ်၊ ရိပ်သာဖွင့်ပြီးတော့ တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တွေ မင်္ဂိုလ်နိဗ္ဗာန်ရောက်ဖို့ရာ လမ်းမှန်အတိုင်း ကျင့်ကြပါစေဆိုပြီး ရည်ရွယ်ချက်နဲ့ ဖွင့်ထားပါတယ်၊ အင်မတန် ဝမ်းသာစရာ ကောင်းပါတယ်။

နိုင်ငံခြားတွေရောက်သွားတော့ ဘုန်းကြီးတို့ ဟိုမှာတွေ့ရတာတွေ တရားလိုလားတဲ့ ပုဂ္ဂိုလ်တွေက နဲပါတယ်၊ သိပ်များများ မရှိပါဘူး၊ အဲဒီ နဲနဲပုဂ္ဂိုလ်တွေကလဲပဲ အားထုတ်တာ တချို့က လမ်းမှန်တယ်လို့ မဟုတ်ပါဘူး၊ ပုံတော်သလို အားထုတ်နေကြတာပါပဲ၊ သူတို့ စိတ်ချမ်းသာမှုရယင် ကောင်းတယ်ဆိုပြီး အားထုတ်နေကြတာပါ။

အဲဒါတွေ ထောက်ဆကြည့်ယင် ဘုန်းကြီးတို့ ဗုဒ္ဓသာသနာ ထွန်းကားတဲ့ အရပ်ဒေသတွေက ပုဂ္ဂိုလ်တွေဟာ ဝမ်းသာစရာ အလွန်ကောင်းပါတယ်၊ ဒီလို တရားနည်းလမ်းမှန်ကို ကြားရတာ တရားနည်းလမ်းမှန်တွေ အားထုတ်ရတာ အင်မတန်ကို ကောင်းတာပဲ၊ ဝမ်းသာစရာ သိပ်ကောင်းတာပဲ။

ဒီအကျိုးတွေရအောင် သတိပဋ္ဌာန်လေးပါးကို ပွါးပါ

မဂ်ဖိုလ်နိဗ္ဗာန် ရရောက်ရန် သတိပဋ္ဌာန်လမ်းမှန်ကို ကျင့်ရမယ်–လို့ ဘုန်းကြီးက ဆောင်ပုဒ် စီထားတယ်။ ပါဠိကတော့–

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ၊ သောက ပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံစတ္တာရော သတိပဋ္ဌာနာ။

လို့ ဟောထားတဲ့ ဒေသနာအတိုင်းပါပဲ။

အဲဒီ သတိပဋ္ဌာန်ဟာ ဘယ်လိုလဲဆိုလို့ရှိယင်—

(၁) ကာယာနုပဿနာသတိပဋ္ဌာန် ဆိုတာ ကိုယ်အမှုအရာတွေကို ရှုရတာ တမျိုး၊

(၂) စိတ္တာနုပဿနာသတိပဋ္ဌာန် ဆိုတာ စိတ်အမှုအရာတွေကို ဖြစ်တိုင်း ဖြစ်တိုင်း ရှုရတာက တမျိုး၊

(၃) ဝေဒနာနုပဿနာသတိပဋ္ဌာန် ဆိုတာ ဝေဒနာခံစားမှု ပေါ်တာတွေ့ ရှုရတာက တမျိုး၊

(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန် ဆိုတာ သဘောတရား ရှုရတာ တမျိုး၊

လေးပါးပါပဲ။

အတိုချုပ်အားဖြင့် ရုပ်နာမ်တွေ ဖြစ်တိုင်း ဖြစ်တိုင်း ရှုဖို့ရာ မျက်စိက မြင်တယ်, နားက ကြားတယ်, နှာခေါင်းက နံတယ်, လျှာက စားသိတယ်, ကိုယ်က တွေ့ထိတယ်-စသည် စိတ်ကူးစဉ်းစားဉာဏ်တွေဟာ ရုပ်နာမ်တွေချည်းပဲ၊ အဲဒီ ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တွေကို မပြတ် ရှုမှတ်နေဖို့ပါပဲ၊ ဘုန်းကြီးတို့ အခွန်ကြားနေတာ ဒီအတိုင်းပါပဲ။

အားထုတ်ကြတော့ အခုနက မြတ်စွာဘုရားဟောကြားခဲ့တဲ့ ဉာဏ်ထူးတွေရဟာ စက္ခုကရဏီ-ပညာမျက်စိကိုပြုတယ်၊ ဖြစ်စေတတ်တယ်၊ တရားအားထုတ်တော့ သမာဓိအားကောင်းလာတဲ့အခါ ဉာဏ်ထူး ဉာဏ်မှန်တွေ ဖြစ်တာပါပဲ၊ ရုပ်နှင့်နာမ် နှစ်ပါးမျှသာ ရှိတယ်ဆိုတာ ကိုယ်တိုင်သိလာတယ်၊ အကြောင်းနဲ့အကျိုး နှစ်ပါးမျှသာ ရှိတယ်ဆိုတာ ကိုယ်တိုင်သိလာတယ်၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ ဖြစ်ပြီးပျက်၊ မမြဲတဲ့တရားတွေ ကိုယ်တိုင်တွေ့မြင်မယ်၊ အနိစ္စ ဒုက္ခ အနတ္တတွေ ကိုယ်တိုင်သိတယ်၊ နောက်ဆုံး ရုပ်နာမ်သင်္ခါရ ချုပ်ငြိမ်းတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာတွေ့ပါပဲ။

အဲဒီတော့ ဒီလို တရားနည်းလမ်းမှန်တွေ ကြားနာပြီး တရားအားထုတ်ကြတာ အင်မတန် ဝမ်းသာစရာကောင်းပါ

တယ်၊ ဒီလို တရားအားထုတ်နိုင်အောင် အားပေး ကူညီနေ ကြတဲ့ ပုဂ္ဂိုလ်တွေလဲ ဝမ်းသာစရာ အင်မတန် ကောင်းပါ တယ်၊ ဘုန်းကြီးတို့ တတ်နိုင်သမျှတွေကို ဟောနေရပါတယ်။

ကာယာနုပဿနာ

အဲဒီမှာ ကာယာနုပဿနာဆိုတာ ကိုယ်အမှုအရာတွေပဲ။ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ။

စသည်ဖြင့် ဟောထားပါတယ်။ ဂစ္ဆန္တောဝါ၊ သွားသော် လည်း သွားလျှင်လည်း။ ဂစ္ဆာမီတိ၊ သွားသည်ဟု။ ပဇာ-နာတိ၊ သိ၏။

သွားနေတုန်း သွားနေဆဲ သွားခိုက် ရှုရမည်၊ မသွားပဲနဲ့ ထိုင်နေတုန်း ရှုရတာ မဟုတ်ဘူး၊ ရုပ်နာမ်တွေ ဖြစ်တုန်း ဖြစ်ဆဲ ဖြစ်ခိုက်မှာ ရှုရမယ်၊ မဖြစ်ခင်က မရှုနဲ့၊ ပျောက်သွား တဲ့ အခါလဲ မရှုရဘူး၊ ဖြစ်နေဆဲအချိန်မှာ ရှုရမယ်၊ အဲဒီ ဖြစ်တုန်း ဖြစ်ဆဲ ဖြစ်ခိုက်ရှုမှ သဘောအမှန် သိရမယ်။

ဥပမာ-လျှပ်ရောင်ကလေးကို မြင်သိရသလိုပဲ၊လျှပ်ရောင် ကလေးဟာ စောစောက မရှိဘူး၊ အခုမှ ပေါ်လာတယ်၊

အဲဒီ ပေါ်လာပြီးတော့လဲ ရှိသေးသလား ဆိုတော့ မရှိဘူး၊ ပျောက်သွားတယ်။

အဲဒါလိုပဲ မိမိရဲ့သန္တာန်က ရုပ်နာမ်တွေလဲ ဘာရုပ်နာမ်ပဲ ဖြစ်ဖြစ် ပေါ်ပြီး ပျောက်သွားတာပဲ၊ သူတပါးသန္တာန်က ရုပ်နာမ်တွေလဲ ဒီအတိုင်းပါပဲ၊ တုံး တိုင် ကျောက်ခဲရုပ် မီးခဲရုပ်တွေလဲ ဒီအတိုင်းပဲ၊ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပြီး ပျက်နေတယ်၊ သို့သော်လဲပဲ နောက်ထပ် အသစ်အသစ်တွေက ဖြစ်နေတော့ အမြဲတမ်း တည်ရှိနေတယ်လို့ ထင်နေကြတယ်၊ ပုဂ္ဂိုလ် သတ္တဝါတွေက ဖြစ်နေတယ်လို့ ထင်တယ်။

အဲဒီ အာမုန်တွေ သိအောင်လို့ မြတ်စွာဘုရားက သတိ ပဋ္ဌာန်တွေ ဟောခဲ့တယ်၊ သွားယင် သွားတာကို သိရမယ်၊ အဲဒီလို သွားနေတုန်း သွားနေဆဲ သွားတာကို ရှုမှတ်ပြီး သိရမယ်။

အဲဒါကြောင့် ဘုန်းကြီးတို့က သွားယင် သွားတယ်-လို့ မှတ်၊ ညာလှမ်းတယ် ဘယ်လှမ်းတယ်ဆိုတာလဲမှတ်၊ကြွတယ်, လှမ်းတယ်, ချတယ်ဆိုတာ သုံးချက်လဲမှတ်၊ ကိုယ်ထဲက တကယ်ရှိတဲ့ ရုပ်တရား, ရုပ်အမူအရာတွေ အမှန်အတိုင်း သိရအောင် ရှုရမယ်။

သွားရာကရပ်ယင်လဲ ရပ်တယ်-ရပ်တယ်လို့မှတ်၊ ထိုင်ယင်လဲ ထိုင်တယ် - ထိုင်တယ်လို့ မှတ်၊ လဲလျောင်းယင်လဲ လဲလျောင်းတယ် - လဲလျောင်းတယ်လို့ မှတ်၊ ဝမ်းဗိုက်ကဖောင်းတာ ပိန်တာ ထင်ရှားတဲ့အခါ အဲဒါက စပြီးတော့ ဖောင်းတယ် ပိန်တယ်မှတ်၊ ပေါ်လာရာ ပေါ်လာရာတွေ့မှတ်ဖို့ ဘုန်းကြီးကတော့ ညွှန်ကြားတယ်။ အဲဒါကို—

(က) ကိုယ်အမူအရာ ဖြစ်တိုင်းမှာ၊ မှန်စွာ သိရမည်။

(သုံးခေါက်ဆို)

ကိုယ်အမူအရာ သွားတာ လာတာ ထိုင်တာ ရပ်တာ လဲလျောင်းတာ ကွေးတာ ဆန့်တာ လှုပ်ရှားတာ အကုန်လုံးပေါ့၊ ကိုယ်အမူအရာတွေ့ မျက်စိမှိတ်တာ ဖွင့်တာ ဘာဘဲဖြစ်ဖြစ် ဖြစ်တဲ့အခိုက်အတန့်မှာ ဖြစ်တဲ့သဘောအမှန်အတိုင်း သိအောင်ရှုမှတ်၊ နောက်ကျ သမာဓိဉာဏ်အားကောင်းလာတဲ့အခါ ဖြစ်ပြီး ပျက်သွားတာလဲ သိတာပဲ၊ ဖြစ်ပြီး ပျက်သွားတော့ အနိစ္စ ဒုက္ခ အနတ္တသဘောတရားတွေ့လဲ အမှန်အတိုင်းသိလာတယ်။

စိတ္တာနုပဿနာ

တပမကလာတ့စတ လုံချင်တ့စတ ဒအတုံး မှတ်ရမယ်၊ နှစ်သက်ယင် နှစ်သက်တယ်မှတ်၊ သာယာယင် သာယာတယ်မှတ်၊ လိုချင်ယင် လိုချင်တယ်မှတ်၊ အဲဒီ စိတ်ကလေးတ့ ဖြစ်တိုင်းပေါ့၊ အိမ်ရောက်သွားယင်လဲ ရောက်တယ်လို့မှတ်၊ ဟိုရောက် ဒီရောက်ယင်လဲ ရောက်တယ်လို့မှတ်၊ ဟိုလှန့်တ့ယင်လဲ တ့တယ်လို့မှတ်၊ စိတ်ကူးယင်လဲ ကူးတယ်၊ ကြံစီယင်လဲ ကြံစီတယ်၊ စဉ်းစားယင်လဲ စဉ်းစားတယ် စသည်ဖြင့် ပြောဆိုနေကျအမည်ဖြင့် ရှုမှတ်ရမယ်၊ ဒါကို ဆောင်ပုဒ်လက်ံကို ဆိုကြရမယ်။

(၁) စိတ်အမူအရာ ဖြစ်တိုင်းမှာ၊ မှန်စ့ာ သိရမယ်။

(သုံးခေါက်ဆို)

အဲဒီ စိတ်ကူးထဲက မှတ်လိုက်ယင် ပျောက်သွားတာ ရှိမယ်၊ နောက်ထပ် ဆက်ဆက် မဖြစ်တော့ဘူး ရပ်သွားမယ်၊ အဲဒီ ရပ်သွားတဲ့နောက် အခုနက ပေးခဲ့တဲ့ ဖောင်းတာ ပိန်တာ ပြန်မှတ်ဖို့ပါပဲ။

ဝေဒနာနုပဿနာ

အဲဒီလို ရှုမှတ်နေယင်း ကိုယ်ထဲက ညောင်းတာ ပူတာ နာတာ ကျင်တာ အဲဒါတွေလဲ ပေါ်တတ်ပါတယ်၊ စပြီး အားထုတ်ခါစမှို အဲဒါတွေ ပေါ်တယ်၊ဒုက္ခဝေဒနာခေါ်တဲ့ အခံခက်တဲ့ သဘောတွေပဲ။

သုခဝေဒနာဆိုတာကတော့ ချမ်းသာတဲ့သဘော၊ သူက စောစောပိုင်းမှာ သိပ်မထင်ရှားပါဘူး၊ တခါတခါတော့ ထင်ရှားတတ်ပါတယ်။

ဥပေက္ခာဝေဒနာဆိုတာကတော့ မကောင်းမဆိုးအလယ် အလတ်သဘောပါပဲ၊ သူကလဲပဲ အစပိုင်းတော့ သိပ်မထင် ရှားပါဘူး၊ နောက်နောင် ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့ အခါမှာ ထင်ရှားတတ်ပါတယ်၊ အမျှားအားဖြင့် ဥပေက္ခာ ကအမြဲမလိုလားပါဘူး၊ ကိုယ့်ကိုယ်ထဲမှာ ဆင်ခြင်ကြည့်လို့ ရှိယင် ကောင်းတာလဲမပေါ်ဘူး ဆိုးတာလဲမပေါ်ဘူးဆိုယင် ဒါဟာ ဥပေက္ခာပါပဲ၊ တခါတရံကျ ညောင်းတဲ့ဝေဒနာ၊ ကိုက်ခဲတဲ့ဝေဒနာပေါ်တယ်၊ အဲဒါ ဆိုးတဲ့ ဒုက္ခဝေဒနာပေါ်လာတယ်၊ တခါတရံကျတော့ ကိုယ်ထဲမှာ အတွေ့အဆင်း

ကောင်းတာလေးတွေ၊ စိတ်ထဲကဝမ်းသာစရာတွေ ပေါ်ယင် ဒါကတော့ ချမ်းသာမှုခေါ်တဲ့ သုခဝေဒနာပါပဲ၊ မကောင်းမဆိုး အလယ်အလတ် ဥပေက္ခာဝေဒနာ၊ အဲဒီကောင်းဆိုး နောက်မှ ဝေဒနာအကောင်းဖြစ်စေ အဆိုးဖြစ်စေ၊ အကောင်းဆိုတာက သုခ-အဆိုးတာက ဒုက္ခဝေဒနာပါပဲ၊ မကောင်းမဆိုး အလယ်အလတ် ဥပေက္ခာဝေဒနာပါပဲ။

အကောင်းဖြစ်စေ အဆိုးဖြစ်စေ မဆိုးမကောင်း ဖြစ်စေ ဝေဒနာဖြစ်ပေါ်တာသိရမယ်၊ သူက သုံးခုစလုံး တပြိုင်နက် ဖြစ်လာတာမဟုတ်ဘူး၊ တခုချင်း တခုချင်းဖြစ်လာတယ်။

အဲဒါကိုရှုပြီး ညောင်းယင် ညောင်းတယ်လို့မှတ်၊ ပူယင် ပူတယ်လို့မှတ်၊ အဲဒါလောက်ပါပဲ၊ ကြာရှည်မှတ်တဲ့ ပုဂ္ဂိုလ်တွေ့ ပေပြီးမှတ်နေယင် ပျော်တတ်ပါတယ်၊ ပျော်သွားယင် ဖောင်းတာ ပိန်တာပြန်မှတ်၊ မပျော်ယင် သည်းခံနိုင်သမျှ သည်းခံပြီးမှတ်၊ သည်းမခံနိုင်ဘူးဆိုယင် လက်ခြေစသည်တွေ့ ပြင်သင့်တဲ့ဟာတွေ့ပြင်ရတာပါပဲ၊ အဲဒီပြင်တဲ့အခါ ပြင်ချင်တဲ့စိတ်ကစပြီး ပြုပြင်သမျှတွေ့ကို မပြတ်ရှုမှတ်ဖို့ပဲ၊ အဲဒီပြင် ပြီးတော့ ပျော်သွားတာပါပဲ၊ ပြီးတော့ ဖောင်း

တာပိန်တာပြန်မှတ်၊ဒီလိုညွှန်ကြားပါတယ်၊ လက်ာဆောင်ပုဒ် ဆိုကြရမယ်။

(၈) ကောင်းဆိုးလတ်ပါ၊ဝေဒနာ၊ ပေါ်တာသိရမယ်။

(သုံးခေါက်ဆို)

အဲဒီ ညောင်းတဲ့ဝေဒနာတွေ(၅)မိနစ်လောက်(၁၀)မိနစ် လောက် မှတ်ယင်ပြီးတာပါပဲ၊ အကြာကြီး မှတ်နေရန်မလို ပါဘူး၊ ၃-ကြိမ် ၄-ကြိမ်လောက် မှတ်ပြီး ဖောင်းတာပိန်တာ ပြန်မှတ်ပါ။

ဓမ္မာနုပဿနာ

ပြန်မှတ်ဆိုရာ သဘောတရားတွေရှိတယ်၊ ဒီရုပ်ကိုယ်အမှု အရာတွေလဲမဟုတ်ဘူး၊ စိတ်ကူးနဲ့လဲမဟုတ်ဘူး၊ ခံစားမှု ဝေဒနာတွေနဲ့လဲမဟုတ်ဘူး၊ သဘောတရားလို့ပဲ ခေါ်ရပါတယ်၊ သဘောတရားအနေနဲ့ ထင်ပေါ်လို့ သဘောတရားလိုပဲမတ်ပါ။

အဲဒီသဘောတရားထဲမှာ ရုပ်လဲပါတာပဲ၊ စိတ်လဲပါတာပဲ၊ ဝေဒနာလဲပါတာပါပဲ၊ ဒါပေမဲ့ သဘောတရားအနေနဲ့ ခေါ်ရတဲ့အခါ သဘောတရားအနေနဲ့ မြင်တိုင်း ကြားတိုင်း သဘောတရားအနေနဲ့ မြင်တယ် မြင်တယ်ဆိုယင် ရုပ်အနေ အားဖြင့်လဲမဟုတ်ပဲနဲ့၊ စိတ်အနေအားဖြင့်လဲ မဟုတ်ပဲ၊ ခံစားမှုအနေနဲ့လဲမဟုတ်ပဲ၊သဘောတရားအနေနဲ့ ထင်ရမှာပဲ။

အဲဒီတော့ မြင်ယင် မြင်တယ် ဆိုယင်လဲ မြင်တယ်မှတ်၊ ကြားယင် ကြားတာကိုမှတ်၊အဲဒါ ဓမ္မာနုပဿနာလို့ခေါ်တဲ့ သဘောတရားတွေပဲ၊ ဒါကို လက််ဆောင်ပုဒ်ဆိုကြရမယ်။

(ဃ) သဘောတရား ထင်ပေါ်ခြား၊ ပိုင်းခြား သိရမယ်။

(သုံးခေါက်ဆို)

ဒီလို ဟောကြားတယ်၊ ထင်ပေါ်တိုင်း ထင်ပေါ်တိုင်း အဲဒါ ရှုမှတ်ပြီး သိပါ၊ အဲဒါ သတိပဋ္ဌာန်လေးပါးဆိုယင် အကုန်လုံး ကုန်ပါတယ်။

ကိုယ်အမှုအရာတွေ ဖြစ်တိုင်း ဖြစ်တိုင်း မှတ်တော့။ ဒါ အားလုံး ကိုယ်အမှုအရာတွေ ကုန်နေပါပြီ၊ ကျန်စရာ မရှိတော့ပါဘူး။

စိတ်အမှုအရာတွေ ဖြစ်တိုင်း ဖြစ်တိုင်း မှတ်ဆိုယင် စိတ် အမှုအရာတွေ ကုန်နေပါပြီ။

ခံစားမှု ဝေဒနာတွေ ဖြစ်တိုင်း ဖြစ်တိုင်း မှတ်ဆိုယင် ခံစားမှု ဝေဒနာတွေ ကုန်နေပါပြီ။

အဲဒါလောက်နဲ့ ကုန်တဲ့သဘော ရှိပါတယ်၊ ဒါပေမဲ့ သဘောတရားအနေနဲ့ ထင်ရှားယင် အဲဒါတွေ လိုက်မှတ်၊ ဒီလိုမှတ်ယင် ကုန်နေပါပြီ၊ မရှိတော့ပါဘူး၊ ဒီ လေးမျိုး မှတ်ယင် ကုန်တာပါပဲ။

ဗောဓိပက္ခိယတရား ၃၇-ပါး ပုဒ်းပုံ

အဲဒီ သတိပဋ္ဌာန်ဟာ နဂိုမူလအနေကလဲ နိဗ္ဗာန်ရောက်ဖို့ ဒီတလမ်းထဲ ရှိတယ်ဆိုတော့ သတိပဋ္ဌာန်မှတပါး ဒီပြင်လမ်း မရှိဘူးဆိုတဲ့ အဓိပ္ပါယ်ရသွားပါတယ်၊ ဒါပေမဲ့ ဒီပြင် ကျင့် စရာတွေ ရှိပါသေးတယ်၊ သမ္မပ္ပဓာန်တို့ ဣဒ္ဓိပါဒ်တို့ ဣန္ဒြေတို့ ဗိုလ်တို့ ဗောဇ္ဈင်တို့ မဂ္ဂင်တို့ ရှိပါတယ်၊ အဲဒါတွေကလဲ

သတိပဋ္ဌာန်နဲ့ တွဲနေပါတယ်၊ သတိပဋ္ဌာန်မပါပဲ မဖြစ်ပါဘူး၊ သတိပဋ္ဌာန်နဲ့ ကင်းလဲ မဖြစ်ပါဘူး၊ သတိပဋ္ဌာန်တရား ပွားများအားထုတ်နေယင် လုံ့လအားထုတ်မှုလဲ ပါတယ်၊ ဣဒ္ဓိပါဒ်ဆိုတာတွေလဲ ပါတယ်၊ ဣန္ဒြေငါးပါး ဗိုလ်ငါးပါး အဲဒီမှာလဲ ပါတာပဲ၊ ဗောဇ္ဈင်(၇)ပါး မဂ္ဂင်ရှစ်ပါးလဲ ပါတယ်၊ ဒါကြောင့် သတိပဋ္ဌာန်အကျင့်တခုထဲဆိုပေမယ်လို့ ဗောဓိပက္ခိယတရား(၃၇)ပါး အမြတ်ဆုံးတရားတော်ပါပဲ။

ဘုရားရှုနည်းအတိုင်းပဲ

မြတ်စွာဘုရား ကိုယ်တော်တိုင် အားထုတ်တုန်းကလဲ ဥပါဒါနက္ခန္ဓာဆိုတဲ့ ရုပ်နာမ်တွေ ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်နေတာပါပဲ၊ အဲဒီ နည်းအတိုင်းပဲ၊ အခု မြင်တိုင်း မြင်တိုင်း ကြားတိုင်း ကြားတိုင်း ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ရှုမှတ်ရမယ်၊ အသေးစိတ် ဖရှုမှတ်နိုင်သေးခင် အစမှာ ဖောင်းတာ ပိန်တာကစပြီး ရှုမှတ်ရမယ်၊ ဖောင်းတာ ပိန်တာထဲ စိတ်ကူးပေါ်လာယင်ရှု ဝေဒနာ ပေါ်လာလဲရှု အဲဒါတွေဟာ ဥပါဒါနက္ခန္ဓာငါးပါးရှုဆိုတာနဲ့ သဘောတရားအတူတူပါပဲ၊ နည်းမှန် လမ်းမှန်နဲ့ အဲဒီအတိုင်းရှုပြီး သမာဓိဉာဏ် ရင့်သန်လာတဲ့အခါ မဂ်လေးပါး ဖိုလ်လေးပါးရောက်တာပါပဲ။

အောက်ထစ်ဆုံး သောတာပတ္တိမဂ်ဖိုလ် ရောက်တယ်၊ သောတာပတ္တိမဂ်ဖိုလ်ရောက်သွားယင် အပါယ်လေးပါးမကျတော့ဘူး၊ အပါယ်လေးပါး စင်ကြယ်ပြီးတော့ လွတ်မြောက်သွားပြီ၊ ဒါလောက်ဆို အလွန်အားရစရာကောင်းပါတယ်။

လူ့ဘဝ နတ်ဘဝဖြစ်တော့တာပဲ၊ အဲဒီလို ဖြစ်တာလဲ (၇)ဘဝထက်ပိုပြီး မဖြစ်ပါဘူး၊ ယုတ်ညံ့တဲ့ဘဝတွေလဲ မဖြစ်ပါဘူး၊ အထက်တန်းကျတဲ့ လူ့ဘဝ နတ်ဘဝတွေသာ ဖြစ်လာပါတယ်၊ (၇)ဘဝထဲမှာပဲ အရဟတ္တမဂ်ဖိုလ်ကိုရပြီး ဆင်းရဲခပ်သိမ်း ငြိမ်းတော့တယ်၊ အဲဒီတော့ သောတာပတ္တိမဂ်ဖိုလ်ရောက်ယင် အင်မကန် အားရှိပါတယ်။

အဲဒါလောက် ရအောင်တော့ အားထုတ်ဖို့ အလွန်အရေးကြီးပါတယ်၊ အခုလို တိုးတက်ပြီးတော့ အထက်မဂ်ဖိုလ်တွေလဲရောက်အောင် အားထုတ်ရမယ်၊ အခု မရောက်သေးလဲ နောက်တနေ့ အချိန်ကျယင် ရောက်မှာပဲ၊ အဲဒါ စိတ်တဲ့ ဝိမုစ္စိ-စိတ်လွတ်မြောက်သွားပြီဆိုတာနဲ့ သဘောအားဖြင့်လဲ အတူတူပါပဲ၊ အဲဒီ နည်းကောင်း နည်းမှန်တွေ ရှုမှတ်ပုံကို ဘုန်းကြီးတို့က မြတ်စွာဘုရား ရှုမှတ်ပုံတွေ အခြေခံပြုပြီး ဟောနေရပါတယ်။

ကမ္ဘာ့သာသနာပြု တရား

ကမ္ဘာ့သာသနာပြုတရားတော် ဆိုပြီးတော့ တရား(၅)

ပုဒ်ထဲမှာလဲ ဗုဒ္ဓမြတ်စွာဘုရား၏အမြတ်ဆုံးတရားတော်ဆိုပြီး အဲဒါ ဥပါဒါနက္ခန္ဓာတရားငါးပါးကိုရှုပြီး မဂ္ဂင်ရှစ်ပါး တရားမျှားကို ပွားမျှား၊ သတိပဋ္ဌာန်နည်းအရ အရိယာနည်းအားဖြင့် သစ္စာလေးပါးတရား ပွားမျှားရမယ်၊ သတိပဋ္ဌာန်တရားလေးပါးကို ပွားမျှားပြီးတော့ ထိုအတူ သတ္တဝါတွေလဲ ဒီနည်းအတိုင်း အားထုတ်ပြီးတော့ သောတာပန်ဖြစ်ပုံဆိုတာတွေ ကမ္ဘာ့သာသနာပြု တရားစာအုပ်အဖြစ်ဖြင့် ရိုက်နှိပ်ပြီးတော့ စီစဉ်ရပါတယ်၊ အဲဒါကို မူချပြီး ဟောရပါတယ်။

ဗမာလိုနားမလည်တဲ့ပုဂ္ဂိုလ်တွေ အံဝင်လိပ်လိုပြန်ပြီးတော့ ဟောရပါတယ်၊ သာသနာပြုရတာ အင်မတန် ကျေးဇူးမျှားပါတယ်။

အဲဒီတော့ ဒီလို ရှုမှတ်နေယင် မှတ်တိုင်း မှတ်တိုင်း နီဗ္ဗာန်နဲ့နီးနေတယ်၊ အခု ဒီကျောင်းကို ခြေလျင်လာကြတဲ့ ပုဂ္ဂိုလ်တွေဟာ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ဒီကျောင်းနဲ့နီးနေပါတယ်၊ နောက်ဆုံး ခြေလှမ်းဟာ ဒီကျောင်းရောက်

တာလိုပါပဲ၊ ဒီပြင်နေရာတွေလဲ ဒီလိုပဲပါ၊ခြေလှမ်းနဲ့သွားယင် လှမ်းတိုင်း လှမ်းတိုင်းဟာ မိမိရည်ရွယ်ချက် နီးလာပါတယ်၊ နောက်ဆုံး ခြေလှမ်းဟာ မိမိရည်ရွယ်ချက်ကို ရောက်တာပါပဲ၊ အဲဒီလို ရှုမှတ်တိုင်း ရှုမှတ်တိုင်းဟာ နိဗ္ဗာန်နဲ့ နီးနေပါတယ်၊ နောက်ဆုံး အမှတ်ပြီးဆုံးတာနဲ့ နိဗ္ဗာန်ကို ရောက်တော့တာပါပဲ၊ အဲဒီလို ရှုမှတ်ဖို့ရာ ဘုန်းကြီးတို့က ညွှန်ကြားရပါတယ်။

နှမူနာ ၅-မနစ အားထုတ်ပုံ

အဲဒီလို ညွှန်ကြားတဲ့အတိုင်း အခုအချိန် (၅) မိနစ်လောက် တရားအားထုတ်ကြအုံးစို့၊ အချို့ကလဲ အားထုတ်ဘူးတယ်၊ အချို့ကလဲ အားမထုတ်ဘူးကြဘူး၊ (၅) မိနစ်လောက် အားထုတ်လိုက်ယင် ရှုမှတ်အားထုတ်မှု ဝိပဿနာကုသိုလ်တရားတွေ အများကြီး ရပါတယ်၊ နည်းလမ်းမှန်တွေသိထားယင် ကိုယ့်အိမ်ပဲ ကိုယ်တိုင်အားထုတ်ယင် ရပါတယ်၊ တရားတွေ တိုးတက်လာနိုင်ပါတယ်။

ကဲ-ဒါဖြင့် ပြင်ပြီးတော့ ထိုင်ကြပါ၊ အထက်ပိုင်းကိုယ်က ဖြောင့်ဖြောင့်ထားပါ။

ဖောင်းတာ ပိန်တာကို အာရုံစိုက်ပြီး ကမ္မဋ္ဌာန်းအာရုံဆီ ရှုမှတ်စိတ်ပို့ထား၊ မျက်စိနဲ့ ကြည့်ဖို့မလိုဘူး၊ စိတ်ကလေးကို တခြားအာရုံဆီ မပို့ပါနဲ့၊ ရှုမဲ့အာရုံဆီ ပို့ထားပါ။ ယခု ဘုန်းကြီးတို့ညွှန်ကြားတာက ဝမ်းဗိုက် ဖောင်းတာ ပိန်တာက စပြီး ရှုမှတ်ရမယ် ဖြစ်ပါတယ်၊ ဝမ်းဗိုက်ဆီမှာ စိတ်ထား၊ ဖောင်းလာယင် ဖောင်းတယ်လို့မှတ်၊ ပိန်ကျသွားယင် ပိန်တယ်လို့မှတ်၊ ဖောင်းတယ် ပိန်တယ် ဆိုတာကတော့ လိုရင်း မဟုတ်ပါဘူး၊ လိုရင်းကတော့ မှတ်စိတ်ဟာ လိုရင်းပါပဲ၊ ဖောင်းတက်လာတဲ့သဘော ပိန်ကျသွားတဲ့ ဝါယောဓာတ် သဘောကို သိဖို့ပါပဲ၊ သူဖြစ်တဲ့အတိုင်း အမှန်အတိုင်းသိဖို့ရာ ဖောင်းတယ် ပိန်တယ် စူးစိုက်ပြီး မှတ်ရပါတယ်။

အဲဒီလို ရှုမှတ်ပြီး စိတ်ကူးတော့ တခြားထွက်သွားယင် စိတ်ကူးတယ်၊ စိတ်ကူးတယ် မှတ်ပြီးတော့ ဖောင်းတာ ပိန်တာ ပြန်မှတ်။

ကိုယ်ထဲက ခံစားချက်နဲ့ ဒုက္ခဝေဒနာကို ညောင်းယင် ညောင်းတယ်လို့မှတ်၊ ပူယင် ပူတယ်၊နာယင် နာတယ်လို့မှတ်၊ ပြီးယင် ဖောင်းတာ ပိန်တာ ပြန်မှတ်၊ နားက ကြားတယ် ဆိုယင် ကြားတာကို ကြားတယ်မှတ်၊ ပြီးယင် ဖောင်းတာ

ပိန်တာပြန်မှတ်၊ ဒါလောက်ဆို ရှုမှတ်ပုံက ပြည့်စုံနေပါပြီ၊ သိပ်မကြာပါဘူး၊ ခေတ္တခဏလေးပါ၊ ဘုန်းကြီးက နာရီကြည့်ထားမယ်၊ (၅) မိနစ်လောက်ပါ။

(ထောင်ပေါင်းများစွာသော ပရိသတ်ကြီး တိတ်ဆိတ်ငြိမ်သက်စွာ တရားရှုမှတ်နေကြသည်။)

တရားမှတ်ရ ကျိုးဖလ

(၅) မိနစ် ပြည့်သွားပါပြီ၊ တမိနစ် တမိနစ်ဆိုယင် မှတ်ချက်ပေါင်း (၅၀) (၆၀) မှတ်ရပါတယ်၊ တမှတ် တမှတ်အတွင်းမှာ မှတ်တိုင်း မှတ်တိုင်း မဂ္ဂင်ရှစ်ပါး တရားတွေ့ရပါတယ်၊ အဲဒီ မဂ္ဂင်ရှစ်ပါး တရားတွေ့ခြင်းကြောင့်၊ မှတ်တိုင်း မှတ်တိုင်း အသိဉာဏ်တွေ ဖြစ်ပါတယ်။

စက္ခုကရဏီ· ပညာမျက်စိကို ဖြစ်စေတတ်တယ်၊ စင်စစ်ကား ပညာမျက်စိကို ဖြစ်စေတတ်တယ် ဆိုတဲ့ အတိုင်းပဲ အတွေ့ထူးတာတွေ့ အစက ဗဟုသုတ ဘာမှမရှိဘူး၊ တရားအားထုတ်တဲ့အခါကျမှ ခန္ဓာကိုယ်ထဲ တကယ်ဖြစ်ပျက်တာတွေ့ တွေ့ရပါတယ်၊ ဖြစ်ပြီးတော့ ပျောက်သွားတာပဲ၊ မမြဲတဲ့ တရား၊ ဆင်းရဲတဲ့ တရား၊ ငါကောင် သူကောင် ပုဂ္ဂိုလ်

သတ္တဝါကောင်ရယ်လို့ မရှိ၊ အစိုးမရတဲ့ တရားတွေပဲ၊ အနိစ္စ ဒုက္ခ အနတ္တတရားတွေပဲ၊ ဒီအတိုင်း ရှုမှတ်သိပြီး နောက်ဆုံး ရုပ်နာမ် သင်္ခါရတို့ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို ဆိုက်ရောက်နိုင်တော့တယ်။

အကြောင်းညီညွတ်လို့ရှိယင် တခဏလေးနဲ့ တွေ့နိုင်ပါတယ်၊ ဒါမှ မဟုတ်လို့ရှိယင် နာရီပိုင်းအတွင်း အဲဒီထက်များများ ဒါမှ မဟုတ်ယင် ရက်ပိုင်းတော်တော်များများမှာတွေ့ရတတ်ပါတယ်၊ တလအတွင်း၌ တွေ့တာက များပါတယ်၊ အခု ဘဝဖြစ်စဉ်ပဲ နောက်ဘဝ ဖြစ်တာတွေ ပြန်သတိရပြီး အင်မတန် ချုပ်ငြိမ်းတဲ့တရားထူး တွေ့ရမှာ အင်မတန်ကောင်းပါတယ်။

ဒါကြောင့် အကြောင်းညီညွတ်ယင် ကမ္မဋ္ဌာန်းကျောင်းလာလာပြီး အားထုတ်နိုင်ပါတယ်၊ အားတဲ့အချိန် ရတဲ့အချိန် (၅)မိနစ်လောက်ပေါ့၊ မရှုမှတ်ပဲ ဒီအတိုင်းနေလဲ အလကားအချိန် ဖြစ်မှာပဲ၊ ရှုမှတ်နေတော့ နိဗ္ဗာန်ရောက်ကြောင်းကုသိုလ်တရားတွေ ပွားနေရတော့ အင်မတန် ကျေးဇူးများတယ်၊ အဲဒီတော့ မြတ်စွာဘုရား ဟောကြားတဲ့အတိုင်း ဖြစ်တိုင်း ဖြစ်တိုင်း ရုပ်နာမ်တွေ ဖြစ်ပျက်နေတာကို တွေ့ရပါတယ်။

ဆန္ဒမုန်

ရှုမှတ်ခြင်းဖြင့် သမာဓိဉာဏ်အားကောင်းတဲ့အခါ ရုပ်နာမ်ကို ပိုင်းခြားသိခြင်း၊ အကြောင်းအကျိုးကို ပိုင်းခြားသိခြင်း၊ ခဏမစဲ ဖြစ်ပျက်နေတာတွေကို ကိုယ်တိုင် တွေ့သိ၍ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ ဝိပဿနာဉာဏ်တွေ မိမိသန္တာန် ဖြစ်ပွားစေခြင်း စသည်ဖြင့် ပြည့်စုံစွာ အားထုတ်နိုင်ကြပြီး၊ မိမိတို့ အလိုရှိကြရာသို့ မင်္ဂလာ ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေသတည်း။

သာဓု....သာဓု....သာဓု....!!

ဓမ္မဒါန ကုသိုလ်ရှင်များ

စဉ်	အလှူရှင်အမည်နှင့် နေရပ်		ကျပ်
၁။	မခင်တင့်၊ မခင်မာ၊	အနောက်စျေး ဒွဲရွာကို	၂၀၀
၂။	ဒေါ်လှမြိုင် မိသားစု	ခင်ဦးမြို့	၁၀၀
၃။	ဦးဇင်္ဂီလာရုံးတောကျောင်းဆရာတော်ဒွဲရွာကိုမြို့နယ်		၁၀၀
၄။	ဦးဝိဇယ၊ မြို့လယ်ကျောင်း	ထန်းကုန်း	၁၀၀
၅။	ဒေါ်ခင်၊အုဋ္ဌကျောင်းကြီးအမ၊ စျေးတန်းရပ်	ရွာကို	၁၀၀
၆။	ကိုတင်ငွေ-မမြတင်၊ ညီမ မမြခင်၊ မင်းရပ်	။။	၂၀
၇။	ဦးအသောက၊ ဝိပဿနာဂန္ဓာရုံရိပ်သာ	။။	၁၅
၈။	ဦးဉာဏဝံသ(လေး)	။။	၁၅
၉။	ဦးဉာဏဝံသ(ကြီး)	။။	၁၀
၁၀။	ဒေါ်တင်	။။	၁၀
၁၁။	ဒေါ်ဣန္ဒစာရီ	။။	၁၀
၁၂။	ဒေါ်သိန်းညွန့်၊ ကင်းဖျား	။။	၁၀
၁၃။	ဒေါ်ဖော့မေ၊ ကင်းဖျား	။။	၁၀
၁၄။	ဦးအာယု-ဒေါ်အုန်းရင်မိသားစု၊မူးကမ်းကြီး		၁၀
၁၅။	ဦးလှဘော် မိသားစု၊ ရေတော်မူရွာ		၁၀

စဉ်	အလှူရှင်အမည်နှင့် နေရပ်		ကျပ်
၁၆။	ဦးမောင်ကို-ဒေါ်လှိုင်မိသားစု၊အနောက်စျေး	။	၁၀
၁၇။	ဦးတေဇန၊ မင်းကျောင်း၊ ဆင်အင်းရွာ		၁၅
၁၈။	မတင်ဝိုင်း၊ သဲအင်းရွာ	စဉ့်ကူး	၆
၁၉။	ဒေါ်ခေမာစာရီ၊ ဝိပဿနာဂန္ဓာရုံရိပ်သာ		၁၀
၂၀။	ဒေါ်လှစံ၊ သဲအင်းရွာ	စဉ့်ကူး	၅
၂၁။	ဦးထွန်းစ၊ ရေတော်မူရွာ	။	၅
၂၂။	ဦးဘကျော့၊ ရေတော်မူရွာ	။	၅
၂၃။	ဒေါ်မေးအနောက်စျေး	ရွှေဘို	၅
၂၄။	ဒေါ်စပ်၊ ငှက်ပျောရွာ	ခင်ဦးမြို့နယ်	၅
၂၅။	ဒေါ်ကျောက် ။	။	၅
၂၆။	ဒေါ်ဆင် ။	။	၅
၂၇။	ဒေါ်ကြီးစိန် ။	။	၅
၂၈။	ဦးခွေး မိသားစု၊ သီးလုံးရွာ	ရွှေဘိုမြို့နယ်	၅
၂၉။	ဒေါ်မိ၊ သရက်ခြံ	ရွှေဘို	၅
၃၀။	မဝါဝါ၊ စျေးအတွင်း	။	၅
၃၁။	မလှမြင့်၊ စျေးအတွင်း	။	၃
၃၂။	ကြည်ကြည်ငင်း၊ စျေးအတွင်း	။	၃
၃၃။	မမြိုင်၊ စျေးအတွင်း	။	၃
၃၄။	ဒေါ်ရုံ၊ အနောက်စျေး	။	၁၀

စဉ်	အလှူရှင်အမည်နှင့် နေရပ်	ကျမ်
၃၅။	ကိုလှဘူး၊ ကင်းဗျား	၂၅
၃၆။	ဦးဘရှင်၊ ရွက်ကြမ်း	၂၅
၃၇။	ဖွားကွန့်၊ ဂန္ဓဝရုံ	၅
၃၈။	မမြင့်ဝေ၊ ဆင်ရုံ	၁၀
၃၉။	ဒေါ်ကုလဝတီ၊ ဂန္ဓဝရုံ	၅
၄၀။	မဇ၊ မြေတလိုင်း	၅
၄၁။	သမ္မာဝတီ၊ ဂန္ဓဝရုံ	၅